၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

Published by Voice of Burma Information Group Issue No.859, March 25, 2012

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: mgthuka@gmail.com , koko@gol.com

တနိုင်ငံလုံး အလုပ်လက်မဲ့ ပပျောက်ရေး ဒေါ်အောင်ဆန်းစုကြည် အလေးပေးပြော

Mizzima၊ မတ် ၂၂ ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ကြားဖြတ်ရွေးကောက်ပွဲတွင် ၎င်းဝင်ရောက် ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်မှ အလုပ်လက်မဲ့ အခြေအနေပပျောက်စေရန် အလေးထား လုပ်ဆောင်ပေးမည်ဟု ပြောကြားလိုက်သည်။

ကော့မှူးမြို့နယ် ဘုရားလမ်းရပ်ကွက် ဝိဇ္ဇောဒယကျောင်းရှေ့မှ ကွင်းပြင်တွင် ပြည်သူလူထု လေးသောင်းခန့်ကို ၂၅ မိနစ်ခန့်ကြာ ပထမဆုံးမဲဆွယ်စည်းရုံးရေးဟောပြောရာတွင် ဒေါ်အောင်ဆန်းစုကြည်က ယင်းသို့ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း NLD ၏ ကော့မှူးမြို့နယ် အောင်နိုင်ရေးတာဝန်ခံ ဦးမြင့်သိန်းက ပြောသည်။

"ကော့မှူးမြို့နယ်မှာ အလုပ်လက်မဲ့ များပြီးတော့ စီးပွားရေး အခြေအနေ တော်တော်ဆိုးနေတာ တွေ့ရတယ်။ ကော့မှူးမြို့နယ်ကမဲဆန္ဒရှင် အားလုံးအတွက်ကို ကျမမြို့နယ်ဖြစ်တဲ့အတွက်ကို မြန်မာပြည်မှာ ကျမမြို့နယ်ကနေစပြီး အဲဒါတွေကို ပြုပြင်ပေးချင်တယ်။ ကျမတာဝန်ကျေအောင် ထမ်းဆောင်ပါ့မယ်။ ဒါကြောင့် ကော့မှူးမြို့က လူထုမဲပေးမှသာလျှင် မြန်မာတပြည်လုံးအတွက် အဲဒီတာဝန်ကိုထမ်းဆောင်နိုင်မှာဖြစ်ပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်၏ ပြောစကားအတိုင်း ဦးမြင့်သိန်းက မဖျိမကို ပြန်ပြောပြသည်။

ထို့ပြင် ဖေဖေါ်ဝါရီလ ၁၅ ရက်နေ့က သွားရောက်ခဲ့သည့်မရမ်းကုန်းမြို့နယ် ပါတီစည်းရုံးရေး ဟောပြောပွဲတွင်လည်း အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုခဲ့ဖူးသည်။

"ကျမတို့နိုင်ငံရဲ့ အဓိက ပြဿနာကြီးကတော့ ဆင်းရဲမွဲတေမှုပါပဲ။ ဒီပြဿနာနဲ့ပတ်သက်လို့ ဘယ်လိုဖြေရှင်းဖို့ စဉ်းစားထားသလဲလို့ မေးလို့ရှိရင် ကျမတို့ မြန်မာနိုင်ငံကို ကူညီချင်တဲ့ အဖွဲ့အစည်းတွေ နိုင်ငံတွေနဲ့ ဒီကိစ္စတွေကို ကျမတို့ ဆွေးနွေးပြီးပါပြီ။ ကျမတို့ ဘယ်လိုပုံစံနဲ့ အကောင်းဆုံးလုပ်မလဲဆိုတာကို စတင်ပြီးတော့ ကျမတို့ တတ်နိုင်သလောက် ဆောင်ရွက်နေပါတယ်" ဟု ပြောကြားခဲ့ဖူးသည်။

ကြာသပတေးနေ့ ကော့မှူးဟောပြောပွဲတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဦးတည်ချက်ဖြင့် ကရင်တိုင်းရင်းသားများ နေထိုင်သည့် ကော့မှူးမြို့နယ် မဲဆန္ဒနယ်ကို ရွေးချယ်ထားပြီး လွှတ်တော်ထဲရောက်ရှိပါက ကော့မှူးမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ အသီးသီးသို့ အရောက်သွားမည်ဟု ပြောခဲ့သည်ဟုလည်း သိရသည်။ ယခုခရီးစဉ်မှာ ၎င်း၏ မဲဆန္ဒနယ်သို့ လေးကြိမ်မြောက် သွားရောက်ခြင်းဖြစ်သော်လည်း ရွေးကောက်ပွဲအောင်နိုင်ရေး မဲဆွယ်စည်းရုံး မှုအနေဖြင့် ပထမဆုံးအကြိမ်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ယနေ့ ကော့မှူးခရီးစဉ်တွင် မြို့ခံဆရာတော် ၁၃ ပါးကို ပင့်ဆောင်ကာ ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ခဲ့သလို တွံ့တေးမြို့နယ် ဘုရားကြီးကျေးရွာမှ မင်္ဂလာပရဟိတ မိဘမဲ့ကလေးဂေဟာကျောင်းသို့ သွားရောက်ကာ မိဘမဲ့ကလေးငယ် ၄၀၀ ကျော်တို့အား အားပေးစကားပြောခဲ့သည်ဟု သိရသည်။

ထို့ပြင် ကော့မှူးမြို့နယ် ကျေးရွာပေါင်း ၆၂ ရွာမှ ရပ်ကျေးခေါင်းဆောင်များနှင့် ပါတီအောင်နိုင်ရေးရုံးတွင် တွေ့ဆုံကာ ရွေးကောက်ပွဲဝင်ရခြင်း၏ အကြောင်းအရင်းများ၊ မဲဆွယ်စည်းရုံးရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်ဟု ဦးသိန်းမြင့်က ပြောသည်။

ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ကျေးရွာပေါင်း ၆၂ ရွာ၊ မဲပေးနိုင်သူ ဦးရေ ၈၇,၀၀၀ ရှိပြီး မဲရုံပေါင်း ၁၂၉ ရုံထား

စာမျက်နှာ ၃ သို့

ဒဂုံမြို့သစ် မြေသိမ်းမှု ၈၈ မျိုးဆက်ကျောင်းသားများနဲ့ လွှတ်တော် အမတ်လက်တွဲ
စာမျက်နှာ ၃

ငွေလဲလှယ်နှုန်းသစ် ၁ ဒေါ်လာ ၈၂၀ ကျပ် သတ်မှတ်ဖို့ ဗဟိုဘဏ် ပြင်ဆင်နေ
စာမျက်နှာ ၅

ဂျပန်အစိုးရမှ မြန်မာနိုင်ငံမှာ ဆေးဘက်ဆိုင်ရာအကယ်ဒမီကျောင်းဖွင့်ဖို့ စီစဉ်နေ
စာမျက်နှာ ၈

ကချင်ပြည်နယ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်လက်ကျူးလွန်နေ
စာမျက်နှာ ၁၂

ရွေးကောက်ပွဲစောင့်ကြည့် ရေးကွန်ယက် ၈၈ မျိုးဆက်များဦးဆောင်ဖွဲ့စည်း
စာမျက်နှာ ၁၆

အဲန်အယ်လ်ဒီ မဲဆွယ်စည်းဂုံးရေးခရီးစဉ် ကြုံဖွံ့ ပါတီမှ ကောက်ဂိုးပုံမီးဂို ပွဲလှန့်
စာမျက်နှာ ၁၉

ဒေါ်အောင်ဆန်းစုကြည် ခရီးပမ်းတာကြောင့် ကျန်းမာရေးအနည်းငယ်အားနည်း

VOAမတ် ၂၅။ ။ ဒီမိုကရေစီထွန်းကားမှုအခွင့်ထူးခံလူတန်းစားတွေ ပပျောက်အောင် လုပ်ဆောင်နိုင်မှာ ဖြစ်ပြီး လူတိုင်း တန်းတူညီမျှမှု ရမှာ ဖြစ်တယ်လို့ ဒီကနေ့ မြိတ်မြို့ မဲဆွယ်စည်းရုံးရေး ဟောပြောပွဲမှာ ဒေါ်အောင်ဆန်းစုကြည် က ပြောဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေး မကောင်းတာကြောင့် ဒီကနေ့ မြိတ်မြို့က ကျေးရွာတွေကို သွားမယ့် ခရီးတွေကိုလည်း ဖျက်လိုက်ပါတယ်။ အပြည့်အစုံကို မသိရှိ ထိုက်က ဆက်သွယ် မေးမြန်းထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ မြိတ်မြို့မှာ ဒုတိယနေ့အဖြစ်နဲ့ မဲဆွယ်စည်းရုံးရေး ဟောပြောပါတယ်။

"တနင်္သာရီကတစ်နေရာပဲလစ်လပ်လို့အဲဒီတစ်နေရာကိုပဲကျမ အဓိကထားပြီးတော့ စည်းရုံးရေးခရီး ဆင်းရတာပါ။ ဒါပေမဲ့ နောင်ကျ လို့ရှိရင်တော့ ကျမ တနင်္သာရီတိုင်းကို အနှံ့အပြား သွားချင်တဲ့စိတ် ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၈၈-၈၉ ခုနှစ်၊ အဲဒီတုန်းကကျမ သွားခဲ့တဲ့ တိုင်းတွေ၊ ပြည်နယ်တွေထဲမှာဆိုရင် တနင်္သာရီကအတတ် ကြွဆုံး ကျမတို့ကို ထောက်ခံမှုပေးခဲ့လို့ပဲဖြစ်ပါတယ်။ ဒီကျေးဇူးတွေကို ကျမတို့က မမေ့ဘဲနဲ့ ပြန်ဆပ်ဖို့အတွက် တနင်္သာရီ ပြည်သူ ပြည်သားတွေရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားပါမယ်လို့ ပြောပါရစေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျမတို့ဟာ တနင်္သာရီ ပြည်သူလူထုရဲ့ အရေးတွေကို မမေ့ဘဲနဲ့ ခေါင်းထဲမှာရော နှလုံးသားထဲမှာရော ထားပြီးတော့ တတ်နိုင်သမျှ အဆင်ပြေအောင် ပြည်သူလူထုရဲ့ ဘဝတွေကို ပိုပြီးတော့ ကောင်းမွန်လာအောင် ကြိုးစားသွားပါမယ်လို့တော့ ကျမ ပြောနိုင်ပါတယ်။"

တနင်္သာရီတိုင်းမှာ နိုင်ငံရေးအတက်ကြွဆုံးဖြစ်တယ်လို့မဲဆွယ်ပွဲမှာ လိုက်ပါသွားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးအဖွဲ့ဝင် ဦးခွန်သာမြင့်က ပြောပါတယ်။

"ဒီနေ့ကတော့ မနက်ကတုန်းက မြိတ်နားက ကျွန်းစုမြို့ကို သွားမယ့်အစီအစဉ်ကိုတော့ ဖျက်လိုက်ပါတယ်။ ကျန်းမာရေးကြောင့်ပါ။ နေ့လယ်တော့ မနေ့က မသွားဖြစ်တဲ့နေရာပေါ့ ကန်ပေါ်ဆိုတဲ့နေရာကို လူတွေကိုသွားခေါ်လာတာ။ အဲဒီနေရာကလူတွေနဲ့ စကားနည်းနည်း ပြောပါတယ်။ အဲဒီလူတွေကို စကားပြောတယ်။ ပြီးတော့အဲဒီနားက ရှိတဲ့ ခြောက်မြို့နယ်က လူတွေနဲ့စကားပြောပါတယ်၊ တည်းခိုတဲ့အိမ်မှာပါပဲ။ အဲဒါပြီးတော့ ၂နာရီမှာ ကျနော်တို့အိမ်က ထွက်ပါတယ်။ ၂နာရီ ၁၀ မိနစ်လောက်မှာ မြိတ်လူထုကို စကားပြောပါတယ်။ လူအင်အား အနေနဲ့ကတော့ အများကြီး မဟုတ်ပေမဲ့ တက်ကြွတဲ့နေရာမှာတော့ ထိပ်ဆုံးထဲက ပါပါတယ်။"

မြိတ်မြို့မှာ ရှုပ်ပြေးရေယာဉ်ကို လုပ်ငန်းရှင်တွေက မငှားကြတဲ့ အတွက် စက်လှေတွေနဲ့ မြိတ်မြို့ကျွန်းစု မြို့နယ်တွေဆီကို မဲဆွယ်ပွဲသွားခဲ့ရတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ဟာ ည ၁၀ နာရီကျော်အထိ သောင်တင်နေခဲ့တာပါ။ ဒေသအာဏာပိုင်တွေက ဖိအားပေးတာကြောင့် စီးပွားရေးသမားတွေက မငှားရဲကြတာဖြစ်တယ်လို့ NLD ဘက်က ပြောဆိုလိုက်ပြီးတဲ့နောက် ဒီကနေ့ မြိတ်မြို့ မဲဆွယ်ပွဲမှာတော့ ဒီမိုကရေစီထွန်းကားမှု အခွင့်ထူးခံ စီးပွားရေးသမားတွေ ပပျောက်သွားမှာဖြစ်ပြီး လူတိုင်း တန်းတူ အခွင့်အရေးရမှာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က လူထုကို ပြောပါတယ်။

"ခရီးက စီစဉ်တဲ့အတိုင်း မဖြစ်ပါဘူး။ ကျနော်တို့ အနောင့်အယှက်အများကြီးဖြစ်ပါတယ်။ ဖြစ်တော့ အဲဒီလို ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ အခွင့်ထူးခံစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ကြောင့် ဒီဟာလည်းဖြစ်သွားတာပေါ့။ ဖြစ်သွားတော့ နောက်ဆို လို့ရှိရင်တော့ ဒီမိုကရေစီရအောင်လို့ လုပ်မှ ဒီလိုဟာမျိုးတွေ ပပျောက်မယ်ဆိုတာကိုတော့ အထူးသဖြင့် ထည့်ပြောသွားပါတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ရဲ့ မြိတ်မြို့ မဲဆွယ်ခရီးစဉ်မှာ ဒေသဆိုင်ရာ အာဏာပိုင်တွေက လုံခြုံရေး အကူအညီမပေးဘူးလို့လည်း NLD ဘက်က ပြောပါတယ်။တနိုင်ငံလုံး NLD မဲဆွယ်စည်းရုံးရေးတွေမှာ မြိတ်မြို့က ဒေသဆိုင်ရာအာဏာပိုင်တွေက ပူးပေါင်းဆောင်ရွက်မှုက အညံ့ဆုံးဖြစ်တယ်ဆိုပြီးလည်း ဦးခွန်သာမြင့်က ပြောပါတယ်။ ခရီးလမ်းကြမ်းတာအပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ကျန်းမာရေးက မကောင်းတာကြောင့် ဒီကနေ့သွားရောက်ဖို့ စီစဉ်ထားတဲ့ မြိတ်မြို့က ကျေးရွာ ၂ခုကို ဒေါ်အောင်ဆန်းစုကြည်မသွားနိုင်ခဲ့ပါဘူး။

"ကျနော်တို့က လှမ်းဖုန်းဆက်တယ်။ အဲဒီတဆင့် တဆင့် လှမ်းဆက်ပြီးတော့ အပေါ်ကို ဆက်လိုက်တယ်။ အပေါ်ကနေ အောက်ပြန်ပြောတယ်။ ဒေသဆိုင်ရာအာဏာပိုင်က ကျနော်တို့ ဘာမှလုပ်မထားပါဘူး ဘာညာပြောကြပေမဲ့ သိသာပါတယ်။ ပူးပေါင်းဆောင်ရွက်မှု လည်းမရှိပါဘူး။ ပူးပေါင်းဆောင်ရွက်မှု မရှိရုံတင်မကပါဘူး၊ ကျနော်တို့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဟာ သူဟာသူဖြစ် မယ့်ဟာကိုပါ ကျနော်တို့ အနောင့်အယှက်ပေးခံရပါတယ်။ လုံခြုံရေးကလည်း ပူးပေါင်းဆောင်ရွက်မှုက သိပ်မရှိပါဘူး။ မရှိလို့ပဲ ကျနော်တို့ မနေ့ကဆို ညဘက်ကြီးပင်လယ်ထဲမှာ သောင်တင်နေတဲ့ဟာကို ဖုတ်ချက်ဖုတ်ချက်နဲ့ စောင့်နေရတာ။ ဒါမျိုးတွေက ပူးပေါင်းဆောင်ရွက်မှု ရှိရင်တော့ ဒါတွေက အများကြီး အဆင်ပြေနိုင်ပါတယ်။"

၂ရက်ကြာ မြိတ်မြို့ ခရီးစဉ်အတွင်းမှာ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးချို့ယွင်းလာတဲ့အတွက် လာမယ့် ၂၇ ရက်နေ့မှာ သွားရောက်ဖို့ စီစဉ်ထားတဲ့ မကွေးတိုင်း ၆ မြို့နယ် ခရီးစဉ်ကိုလည်း ဖျက်သိမ်းလိုက်ပြီလို့ NLD ပါတီဘက်က ပြောဆိုပါတယ်။

အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်

ဒဂုံမြို့သစ် မြေသိမ်းမှု ၈၈ မျိုးဆက်ကျောင်းသားများနဲ့ လွှတ်တော်အမတ်လက်တွဲ

Mizzima၊ မတ် ၂၂ ။ ။ ရန်ကုန်တိုင်း ဒဂုန်မြို့သစ် အရှေ့ပိုင်းမှ အသိမ်းခံရတော့မည့် မြေကွက်များကိစ္စနှင့်ပတ်သက်၍ ၈၈ မျိုးဆက် ကျောင်းသားများနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က နစ်နာသူတို့နှင့် အတူ လက်တွဲဆောင်ရွက်သွားမည်ဟုဆိုသည်။

မတ်လ ၇ ရက်နေ့က နိုင်ငံပိုင်မီဒီယာများမှတဆင့် ထုတ်ပြန်ချက်အရ အထူးစိုက်ပျိုးရေးဇုန်စီမံကိန်းအတွက် ဒဂုန်မြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ မြေတိုင်းအမှတ် ၁၁ ခုမှ မြေကွက်ပေါင်း ၈,၀၀၀ ကျော်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနမှ အသိမ်းခံရမည် ဖြစ်သည်။ အဆိုပါမြေကွက်များမှာ ဝန်ထမ်းမြေကွက်များဖြစ်၍ နစ်နာသူ ဒေသခံဝန်ထမ်းများက အကူအညီတောင်းသဖြင့် ၈၈ ကျောင်းသားများနှင့် လက်တွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း အလုံမြို့ နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က မဇ္ဈိမကိုပြောသည်။

"၈၈ မျိုးဆက်ကလည်း ပြည်သူပဲ၊ ဘယ်သူက မပေါင်းရဘူး ပြောမလဲ၊ ကျနော်တို့အချင်းချင်း သူငယ်ချင်းတွေဖြစ်လို့ပိုတောင်ပေါင်းလုပ်လို့ရသေးတယ်" ဟုပြောသည်။ အသိမ်းခံမြေကွက်များကို ၁၉၉၈ ခုနှစ်က ဝန်ထမ်းများအား ရောင်းချစဉ်က တန်ဖိုးဖြစ်သည့် ကျပ် ၁၂,၀၀၀ သာပြန်လည်ပေးလျော်မည်ဖြစ်၍ ကာလပေါက် ဈေးနှင့်ယှဉ်ပါက လွန်စွာနစ်နာနေရကြောင်းလည်း ဦးခိုင်မောင်ရည်ကပြောသည်။

"ခုဟာက မြေကွက်တွေကို သိမ်းမယ်ဆိုတာရယ်၊ ပြန်အမ်းမယ်ဆိုတဲ့ပိုက်ဆံက နဂိုမူလ သွင်းတဲ့ပိုက်ဆံဆိုတာ တလကို ၂၀၀ နှုန်းနဲ့ ငါးနှစ်တိတိ ဝန်ထမ်းလခထဲက ဖြတ်လာခဲ့တာ အားလုံး တသောင်းနှစ်ထောင်ရှိတယ်။ ကာလပေါက်ဈေး မြေကြီးဆိုတာကတန်ဖိုးဖြတ်လို့မရဘူး။ သိန်း သုံး လေး ငါးဆယ်ကနေ သိန်းရာချီပြီးတော့လည်း ရှိသွားနိုင်သလို ဒီထက်လည်း မြင့်နိုင်ပါတယ်။ နေရာအလိုက်ပေါ့" ဟု ပြောသည်။

သတ်မှတ်လျော်ကြေး ၁၂,၀၀၀ ကျပ်ကို မတ်လ ၃၁ ရက်နေ့နောက်ဆုံးထား၍ လာရောက်ထုတ်ယူရမည်ဟု ကြေညာထားကြောင်း သိရသည်။ မတ်လ ၁၅ ရက်နေ့ လွှတ်တော်တွင် အဆိုပါကိစ္စအား ဦးခိုင်မောင်ရည်က မေးခွန်းထုတ်ခဲ့သဖြင့် အထောက်အထားများဖြင့် ဖြစ်စဉ်အသေးစိတ်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်းခံနေရာ ဒေသခံများထံ ၈၈ ကျောင်းသားများနှင့်အတူ မတ်လ ၁၇ ရက်နေ့က သွားရောက်တွေ့ဆုံ စုံစမ်းခဲ့သည်ဟု ဦးခိုင်မောင်ရည်ကပြောသည်။

အဆိုပါကိစ္စနဲ့ပတ်သက်၍ နစ်နာသူများအား နည်းလမ်းနှစ်သွယ်ဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဟု ၈၈ ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ဦးကိုကိုကြီးကပြောသည်။

"ကျနော်တို့ကလဲ အတတ်နိုင်ဆုံး အချက်အလက်တွေကောက်ပေးသွားမယ်။ ဒါနဲ့ပတ်သက်ပြီး ကိုယ်စားပြု ဒီမိုကရေစီနဲ့ တိုက်ရိုက် ဒီမိုကရေစီဆိုတဲ့ ပုံစံနှစ်ခုနဲ့ကြိုးစားသွားမယ်။ ကိုယ်စားပြု ဒီမိုကရေစီနည်းကတော့ လွှတ်တော်ကိုယ်စားလှယ်တွေကတဆင့်ဆွေးနွေးတင်ပြသွားမှာဖြစ်တယ်။ တိုက်ရိုက် ဒီမိုကရေစီကတော့ ကျနော်တို့ ၈၈မျိုးဆက်ကျောင်းသားတွေနဲ့ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်"ဟု မဇ္ဈိမကို ပြောသည်။

ယင်းမြေယာကိစ္စ အသေးစိတ်ကို သူရဦးရွှေမန်းက သမ္မတကြီးထံတင်ပြထားပြီး ဖြစ်သည်ဟုလည်းဆိုသည်။ စုံစမ်းလေ့လာမှုအရ အဆိုပါ ပေ ၆၀၊ ပေ ၄၀ ရှိ မြေကွက် ၈,၀၀၀ ကျော်မှာ ၁၉၉၈ ခုနှစ်မှပင် အိမ်ဆောက်လုပ်ခွင့်ပါမစ်များရထားပြီးလက်ရှိတွင်အိမ်ထောင်စုပေါင်း ၈၀၇၉ စု နေထိုင်လျက်ရှိသည်ဟု ဦးခိုင်မောင်ရည်က ပြောသည်။

မသမာမှုငတွေအတွက် ငကော်မရှင်နဲ့အစိုးရကို ငဒေါစု အကြိုပြု

RFA၊ မတ် ၂၁ ။ ။ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲ မကျင်းပခင် မသမာမှုတွေ တိုးများဖြစ်ပေါ်နေပြီး ဒီကိစ္စတွေနဲ့ပတ်သက်လို့ ရွေးကောက်ပွဲကော်မရှင်အပြင် အစိုးရအနေနဲ့ပါ တရားဝင်စာထုတ်ပြန်ခြင်း၊ သတိပေးခြင်းတွေ ပြုလုပ်သင့်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က RFA ကို ပြောပါတယ်။

RFA က အပတ်စဉ်ထုတ်လွှင့်နေတဲ့ ဒီမိုကရေစီခရီးကြမ်းအစီအစဉ်အတွက် ပြောဆိုရာမှာ လက်ရှိ ရွေးကောက်ပွဲမတိုင်ခင် ဖြစ်ပေါ်နေတဲ့ အခြေအနေများကို ထည့်သွင်းပြောဆိုသွားတာ ဖြစ်ပါတယ်။ တချို့ဖြစ်စဉ်တွေဟာ နေပြည်တော် နယ်နမိတ်အတွင်းမှာ ဖြစ်တာမို့ အကျဉ်းတန်တဲ့ဖြစ်ရပ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"မသမာမှုလေးတွေကတော့ ဆက်ဖြစ်နေတယ်။ ဆက်ဖြစ်နေတယ်တင်မကဘူး ထပ်တိုးဖြစ်နေတယ်လို့တောင် ပြောရမလားမသိဘူး။ ကျမတို့ကိုယ်စားလှယ်ဥတ္တရသီရိက ဦးမင်းသူကိုလောက်လေးငွေနဲ့ပစ်တယ်ဆိုပေမယ့် သူပစ်လိုက်တဲ့ဟာက သစ်သားအချွန်လေးနဲ့ပေါ့နော်။ ပစ်တာ ဦးမင်းသူကိုမထိဘဲနဲ့ အနားက မိန်းကလေးတယောက်ကိုထိသွားတယ်။ အဲဒါတွေကတော့ နည်းနည်းလွန်လာပြီလေ။ ဥပဒေသီရိနဲ့ ဒကွိဏသီရိထင်တယ်။ အဲဒီ ၂ နေရာမှာ ဆိုင်းဘုတ်တွေကို သူတို့ဖျက်ဆီးတာပေါ့နော်။ ဓားနဲ့လိုးပြီးတော့ ထုတ်တာတွေ ဘာတွေဟာ အဲဒါ မဖြစ်သင့်ဘူး။ အထူးသဖြင့် နေပြည်တော်မှာ ဖြစ်တယ်ဆိုတာဟာ အင်မတန်မှ အကျဉ်းတန်တယ်"

ဒီဖြစ်ပေါ်နေတဲ့ အခြေအနေတွေဟာ မလုပ်သင့် မလုပ်အပ်တဲ့ ကိစ္စဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

မျက်နှာဖုံးမှ

ရှိမည်ဖြစ်သည်။ကြာသပတေးနေ့နေ့လယ်ပိုင်းစတင်သည့်ခရီးစဉ်တွင် ရန်ကုန်တိုင်း တွံတေးမြို့မှ ကော့မှူးမြို့သို့ အသွားလမ်းတလျှောက် ပြည်သူလူထုက လမ်းဘေးဝဲယာမှ ပျော်ပျော်ရွှင်ရွှင်လာရောက် ကြိုဆိုခဲ့သည်ကို တွေ့ရကြောင်း ခရီးစဉ်တလျှောက် လိုက်ပါခဲ့သူက မဇ္ဈိမ သတင်းထောက်တဦးက ပြောသည်။

"တွံတေးကနေ ကော့မှူးတလျှောက် လူတွေက ပြည့်ညပ်နေတော့ ကားက လိမ့်ရုံပဲ သွားရတာ။ ဒီလောက် နေပူကြဲ ထဲမှာတောင်ရွာတိုင်းလိုလိုထွက်လာပြီး လာကြိုပြီး နှုတ်ဆက်ကြတယ် အဖိုးကြီး အဘွားကြီးတွေတောင်မှ ဖိနပ်မပါဘဲ လာနှုတ်ဆက်တာ တွေ့ရတယ်။ လူတွေက ပူအိုက်ပြီး ချွေးတွေထွက်နေတာတောင်မှ တကယ်ကိုပျော်ပျော်ရွှင်ရွှင်နဲ့ ကြိုကြတာ တွေ့ရတယ်"ဟု ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်က ကော့မှူးမြို့နယ် ဝါးသခဲကျေးရွာမှဒေါ်သန်းသန်းလေး မိသားစုတွင် အိမ်ထောင်စု စာရင်းဝင်လိုက်သော်လည်း မဲထည့်ရန် ပုံစံ ၁၀ ပြုလုပ်ဖို့ လိုအပ်သဖြင့် မဲထည့်နိုင်ရန် ကြိုးစားတော့မည် မဟုတ်ကြောင်း NLD ဗဟိုအောင်နိုင်ရေး အတွင်းရေးမှူးဦးဉာဏ်ဝင်းက ပြောသည်။ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် NLD မှ ဒေါ်အောင်ဆန်းစုကြည်၊ ကြံ့ခိုင်ရေးပါတီမှ ဒေါက်တာစိုးမင်းနှင့် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးတင်ရီတို့ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

လယ် / ဆည်ဝန်ကြီးဌာန လွတ်တော်ကို တောင်းပန်ရန် အမတ်များတောင်းဆို

VOAI မတ် ၂၃ ။ ။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအတွက် ဘတ်ဂျက်ဖြတ်တောက်မှုနဲ့ ပတ်သက်လို့ လယ်ယာ စိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးက လွှတ်တော် ကိုယ်စားလှယ်အပေါ် ပုတ်ခတ်ပြောဆိုထားတာကို အရေးယူ ဆောင်ရွက်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်အခွင့်ရေးကော်မတီကို စုပေါင်းတိုင်ကြားထားပါတယ်၊

မတ်လ ၂၃ ရက်နေ့ထုတ် Hot News ဂျာနယ်မှာ ဖော်ပြထားတဲ့ အင်တာဗျူးအတွင်းလယ်/ဆည်ဝန်ကြီးရဲ့ ပြောဆိုချက်တချို့ဟာလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သိက္ခာကို ထိခိုက်စေတယ်ဆိုပြီး မကျေမနပ်ဖြစ်ကြတာဖြစ်သလို ကြံခိုင်ဖွဖြိုးပါတီကိုလည်း ထိခိုက်မှုရှိတယ်ဆိုတဲ့ ဝေဖန်ချက်တွေလည်းရှိနေပါတယ်။ ဒီအခြေအနေအပြည့်အစုံကိုတော့ မသင်းသီရိက တင်ပြပေးထားပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအပေါ် ဘတ်ဂျက်ဖြတ်တောက်မှုနဲ့ ပတ်သက်လို့ မတ်လ ၂၃ ရက်နေ့၊ သောကြာနေ့ထုတ် Hot News ဂျာနယ်ထဲမှာ လယ်/ဆည်ဝန်ကြီး ဦးမြင့်လှိုင်နဲ့ အင်တာဗျူး ဖော်ပြထားတာပါ။

ဒီတွေ့ဆုံမေးမြန်းခန်းထဲမှာ ဘတ်ဂျက်အဖြတ်ခံရတာနဲ့ ပတ်သက်လို့ဝန်ကြီးဦးမြင့်လှိုင်ရဲ့ ပြောဆိုသုံးသပ်ချက်တချို့ဟာလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှုတွေပါတယ်ဆိုပြီး ဒီကနေ့မနက် အင်တာဗျူးပါတဲ့ ဂျာနယ်ရဲ့စာမျက်နှာကို မိတ္တူကူးကာ ပြည်ထောင်စုလွှတ်တော် အစည်းဝေးထဲမှာ ဝေငှတာတွေ ရှိခဲ့ပါတယ်၊ဒါကို ဖတ်ရတဲ့ ကိုယ်စားလှယ်တွေလည်း မကျေမနပ်ဖြစ်ကြပြီးစုပေါင်းလက်မှတ်ရေးထိုးကာ လွှတ်တော်အခွင့်အရေးကော်မတီကို ဒီကနေ့ည နေက တိုင်ထားတယ်လို့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဖေသန်းက ပြောပြပါတယ်။

"လွှတ်တော်ကိုယ်စားလှယ်တွေ အဓိက မကျေမနပ်ဖြစ်တဲ့ စကားစုတွေကတော့ "လယ်တစ်ဇကထဲကို ရေရောက်ဖို့ သိန်းဘယ်လောက်ကုန်တယ်ဆိုတာ၊ အဲဒီစျေးတွက်တွက်နည်းနဲ့တွက်တာ သက်သက်အပြစ်တင်ဖို့ ဝေဖန်တာပဲ။ ဒါ-ဦးနောက်မရှိတာပေါ့၊ ရှိရက်သားနဲ့ သက်သက် Negative ဆန်တာပေါ့၊ လွှတ်တော်ကိုယ်စားလှယ်ဆိုပြီး စာမှမတတ်၊ ဆယ်တန်းမှမအောင်ဘဲ။ လွှတ်တော်ထဲကိုလာ ထိုင်နေတော့ သူများက ထဆို ထမယ်။ ထိုင်ဆိုရင်ထိုင်မယ်။ သူများက ခလုတ်နှိပ်ဆို နှိပ်တယ်။ သူကမှ မသိတာ၊ ဘာတွေပြောနေလဲ၊ သူကမှ နားမလည်တာ။ ရမ်းပြီး လုပ်နေတာ။ လော်တဲ့ကောင်ကလည်း လော်ရမယ်။ ထိုင်တဲ့ကောင်ကလည်း ငြိမ်ငြိမ်လေးထိုင်၊ အသက်ကြီးပြီဆိုရင် ငြိမ်နေရမယ်။ ငြိမ်ငြိမ်လေးမထိုင်ဘဲ အသားကုန် ဟိုလှုပ် ဒီလှုပ်၊ လှုပ်နေရင်တော့ ဒါ ဘုန်းကြီးရှူးနဲ့လေလွင့်နဲ့" လို့ပြောတာ....အဲဒါ၊ အဲဒီအပိုဒ်တွေပေါ့ဗျာ၊ အဲဒီအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်တွေက တော်တော်ကို မကျေနပ်ဖြစ်ပြီးတော့ လွှတ်တော်ထဲမှာ ရုတ်ရုတ်သဲသဲဖြစ်သွားတာဗျာ၊ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီကို နိုင်ငံတော်ပိုင်သတင်းစာ၊ ရုပ်မြင်သံကြားတို့ကနေ တရားဝင် ဝန်ချတောင်းပန်ဖို့၊ အဲလိုမှမလုပ်ပေးရင်တော့ ကျနော်တို့ လွှတ်တော်က တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမယ်လို့ လွှတ်တော်ကိုယ်စားလှယ်တွေက တင်ပြကြတယ်လေ။"

ဦးမြင့်လှိုင်ဟာ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ကြံခိုင်ဖွဖြိုးရေးပါတီရဲ့ ရွေးကောက်ခံကိုယ်စားလှယ်တဦးလည်းဖြစ်သလို ပြည်ထောင်စုလယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးအဖြစ်လည်း လက်ရှိတာဝန်ယူထားတာပါ၊ အခုလို ဝန်ကြီးဦးမြင့်လှိုင်ရဲ့ပြောဆိုချက်တွေဟာ ကြံခိုင်ဖွဖြိုးရေးပါတီကို ဂုဏ်သိက္ခာကျစေပြီးလွှတ်တော်ထဲမှာရှိနေကြတဲ့ ကြံခိုင်ဖွဖြိုးရေးပါတီရဲ့ကိုယ်စားလှယ်တွေကိုပါ ထိခိုက်နေတယ်လို့ ကြံခိုင်ဖွဖြိုးပါတီရဲ့ ရေဖြူမြို့ နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးကလည်း ပြောပါတယ်။

"အထူးသဖြင့် ဒီလိုကြားဖြတ်ရွေးကောက်ပွဲနီးလာတဲ့အချိန်မှာ ကျနော်တို့ ကြံခိုင်ဖွဖြိုးရေးပါတီအနေနဲ့လည်း အနိုင်ရအောင်ကြိုးစားတာပါပဲ။ လောလောဆယ် ကျနော်တို့ လွှတ်တော်ထဲမှာ အများစုသော ကိုယ်စားလှယ်များဟာ ပြည်ခိုင်ဖြိုးပါတီကဖြစ်ပါတယ်။ ကျနော်တို့စည်းရုံးရေးဆင်းတဲ့နေရာမှာ ကျနော်တို့အားလုံးကို ထိခိုက်နစ်နာစေပါတယ်။ ပြည်သူတွေကလွှတ်တော်ကို အယုံအကြည်ပျက်အောင်၊ ပြည်သူ့ကိုယ်စားလှယ်တွေကို အယုံအကြည်ပျက်အောင်၊ လုပ်ခဲ့တာသည်လည်းပဲ လွှတ်တော် သိက္ခာကျသလို နိုင်ငံလည်း သိက္ခာကျပါတယ်။ ကျနော်တို့ပါတီလည်း သိက္ခာကျပါတယ်။"

Hot News ဂျာနယ်ထဲမှာ ဖော်ပြခဲ့တဲ့ ဒီအင်တာဗျူးထဲမှာ မေးမြန်းသူ သတင်းသမားဘက်က အသုံးအနှုန်းတခုနဲ့ ပတ်သက်လို့လည်း အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးစိုးဝင်း ပြောတာက-

"ဂျာနယ်မှာ ဗျူးထားတဲ့အပိုင်းမှာက မေးတဲ့လူက မေးထားတာက လွှတ်တော်ထဲမှာ အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေကဆိုတော့ - တကယ်ဆိုတော့ လွှတ်တော်မှာလည်း အတိုက်အခံဆိုတာ ကျနော်တို့ကို မပေးသုံးတော့ပါဘူး၊ မသုံးပါနဲ့။ အတိုက်အခံဆိုတဲ့ သဘောမထားပါနဲ့။ အားလုံးလက်တွဲလုပ်ကြရအောင်ပါလို့ သမ္မတကလည်း ပြောထားတယ်။ လွှတ်တော်ဥက္ကဋ္ဌကလည်း ပြောထားတယ်။ နောက်တခုကလည်း ကျန်တဲ့ဟာက ဒီမိုကရေစီ အင်အားစုမဟုတ်ဘူးဆိုတာမျိုး သွားပြီးသက်ရောက်နေတယ်။"

NDF ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းပါရှင်။ ဘတ်ဂျက် ၆၅ ရာခိုင်နှုန်းအဖြတ်ခံထားရဲ့ ဝန်ကြီးဌာန တခုအနေနဲ့ အများပြည်သူ စိတ်ဝင်စားတဲ့ ဘယ်လိုရပ်တည်ပြီး ဘယ်စီမံကိန်းတွေဆက်လုပ်ဖို့ ရပ်ပစ်ဖို့ဆိုတဲ့အပေါ် တင်ပြချင်တာကြောင့်ဖြစ်ပြီး ကိုယ်စားလှယ်ဦးစိုးဝင်း ထောက်ပြခဲ့တဲ့ အသုံးအနှုန်းနဲ့ ပတ်သက်ပြီး လယ်/ဆည်ဝန်ကြီးဦးမြင့်လှိုင်နဲ့အင်တာဗျူးကို ကိုယ်တိုင် မေးမြန်းခဲ့သူလည်းဖြစ် Hot News ဂျာနယ်ရဲ့ အယ်ဒီတာချုပ်လည်းဖြစ်တဲ့ ဒေါ်ဟေမာခေါ် မမက- အခုလို VOA မြန်မာပိုင်းကို ရှင်းပြပါတယ်။

"ပြည်ခိုင်ဖြိုးက တက်တဲ့ အမတ်တွေရှိတယ်။ ဒီမိုကရေစီအင်အားစုကနေတက်တဲ့ အမတ်ရှိတယ်။ အမတို့ ဂျာနယ်တွေကအင်တာဗျူးသွားရင်ဒီမိုကရေစီအင်အားစုအမတ်တွေကသာအမတို့စာနယ်ဇင်းတွေကို ပွင့်ပွင့်လင်းလင်း ဖြေကြားလေ့ရှိပါတယ်။ ပြည်ခိုင်ဖြိုးဘက်က

စာမျက်နှာ ၁၀ သို့

ငွေလဲလှယ်နှုန်းသစ် ၁ ဒေါ်လာ ၈၂၀ ကျပ် သတ်မှတ်ဖို့ဗဟိုဘဏ် ပြင်ဆင်နေ

DVB၊ မတ် ၂၁ ။ ။ မြန်မာကျပ်ငွေနဲ့အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းကို စျေးကွက်ပေါက်စျေးနဲ့နီးစပ်တဲ့ ၁ ဒေါ်လာကို ၈၂၀ ကျပ်နှုန်းသတ်မှတ်ဖို့ မြန်မာဗဟိုဘဏ်က ပြင်ဆင်နေတယ်လို့ ပုဂ္ဂလိကဘဏ်က အရာရှိတွေကိုကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ခုချိန်ထိ အစိုးရကသတ်မှတ်ထားတဲ့ တရားဝင်ပေါက်စျေးက အမေရိကန် ၁ ဒေါ်လာ ကို ၆ ကျပ်ဖြစ်ပြီး၊ လက်တွေ့စျေးကွက်မှာတော့ ၁ ဒေါ်လာကို ကျပ် ၈၀၀ ဝန်းကျင် စျေးပေါက်ပါတယ်။ ဒီအပြောင်း အလဲကြောင့် ငွေကြေးစျေးကွက်နဲ့ စီးပွားရေးကဏ္ဍမှာ ထူးထူးခြားခြားရှိက်ခတ်မှုတွေမရှိနိုင်ဘူးလို့ငွေရေးကြေးရေးနဲ့စီးပွားရေးဆိုင်ရာဆောင်းပါးတွေရေးနေတဲ့ စာရေးဆရာဦးဟန်ထွန်း (အခွန်) ကသုံးသပ်ပါတယ်။

"သိပ်ထူးထူးခြားခြားတော့မဖြစ်ပါဘူး။ အပြောင်းအလဲကတော့ ဒီလိုပဲဖြစ်သွားမှာပေါ့။ ၂၀၁၂-၁၃ ဘတ်ဂျက်မှာ ၈၀၀ နဲ့ တွက်တယ်ဆိုပြီး လွှတ်တော်မှာပြောတာပဲ။ သင့်တော်တဲ့စျေးကို ပြောင်းဖို့ရည်ရွယ်ချက်ရှိတယ်။ စျေးကွက်ပေါက်စျေးအတိုင်းလုပ်ဖို့ရှိတယ်၊ ဒီလိုပဲသွားရမှာပါပဲ။ ထူးထူးထွေထွေရှိက်ခတ်ဖို့မရှိဘူး။ ဒီစျေးက ပေါက်စျေးဖြစ်နေတာကို လောလောဆယ်တော့ နည်းနည်းပါးပါး အလျော့အတင်းလေးရှိတာကလည်း သိပ်တော့အကြောင်းမဟုတ်ဘူး။

ပုံသေချိတ်ထားတဲ့စျေးကနေ ပေါက်စျေးကို ပြောင်းတဲ့နေရာမှာ ဒီလိုပဲသွားရမှာပဲ။ ဒီအတွက်တော့ ကျနော်တို့နိုင်ငံအနေနဲ့ ထူးခြားတဲ့ ထိခိုက်နစ်နာစရာ အကြောင်းမရှိတာဟာ ကံကောင်းတာတာ ခုပဲ။ ဒီဟာက ရေရှည်တည်တန့်သွားရင် ကောင်းတာပေါ့။ နိုင်ငံခြားအရင်းအနှီးတွေ တအားဝင်လာပြီး ကျပ်ငွေစျေးတွေ ထောင်တက်တာတို့ အဲဒီလို ရုတ်တရက်အပြောင်းအလဲကြီးတွေ မရှိရင်တော့ တည်ငြိမ်သွားမယ့် သဘောရှိပါတယ်။"

ငွေလဲနှုန်းကို ပြုပြင်လိုက်တဲ့အတွက် ပိုပြီးပွင့်လင်းမြင်သာတဲ့ ငွေလဲစနစ်ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာနိုင်ချေ ရှိတယ်ဆိုတဲ့ သုံးသပ်ချက်တွေရှိနေသလို နိုင်ငံခြားအရင်းအနှီးတွေအလုံးအရင်းနဲ့ဝင်လာဖို့ကိစ္စမှာ မြန်မာပြည်က လျှပ်စစ်မာတ်အား၊ တယ်လီဖုန်း၊ ဆက်သွယ်ရေးနဲ့ တခြား အခြေခံအဆောက်အဦတွေ လိုအပ်နေသေးတယ်လို့ ထောက်ပြတာတွေလည်းရှိပါတယ်။

ဒါပေမယ့် နိုင်ငံခြားငွေတွေ အလုံးအရင်းနဲ့ဝင်လာလို့ ငွေကြေးစျေးကွက် အလှုပ်အရမ်းများပြီး မမျှော်လင့်တဲ့ ပြဿနာတွေလည်း မြန်မာပြည်မှာဖြစ်ခဲ့ဖူးပါတယ်။ ၂၀၀၉ ခုနှစ်တုန်းကလည်း ကျွန်းသစ်၊ စွမ်းအင်၊ ကျောက်မျက်ရတနာတွေမှာ အဝယ်လိုက်ခဲ့တဲ့အတွက် ဒေါ်လာတွေ အလုံးအရင်းနဲ့ဝင်ခဲ့တုန်းက ၁ ဒေါ်လာကို ကျပ် ၁၀၀၀ အထိ ခုန်တက်ခဲ့ဖူးပါတယ်။ ဒီလိုဖြစ်တဲ့အတွက် အောက်ခြေ လယ်သမားတွေကနေ ထုတ်လုပ်မှုကဏ္ဍက အလုပ်သမားတွေနဲ့ နိုင်ငံခြားကုမ္ပဏီတွေမှာ ဒေါ်လာနဲ့ လခစားတွေအထိ ထိခိုက်ခဲ့ဖူးပါတယ်။

ဦးဟန်ထွန်း (အခွန်) ကတော့ အခြေခံအဆောက်အဦတွေ မပြည့်စုံသေးလို့ မြန်မာပြည်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအလုံးအရင်းနဲ့ ရုတ်တရက် ဝင်လာနိုင်ချေမရှိသေးသလို မြန်မာပြည်က ဘဏ်စနစ်မှာလည်းပြုပြင်ပြောင်းလဲရမှာတွေရှိတယ်လို့ ထောက်ပြပါတယ်။

"လောလောဆယ်လိုအပ်ချက်တွေ ဖြည့်ဆည်းအောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းတာတို့ လုပ်နေတာပေါ့၊ တခြား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်လာနိုင်တဲ့ မြန်မာနိုင်ငံရဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွေကအဆင့်နိမ့်နေသေးတယ်၊ အဲဒီကိစ္စတွေကလည်း ကြီးတယ်။ ဘဏ်လုပ်ငန်းတွေရဲ့အရည်အချင်းတိုးတက်လာဖို့လည်းလိုအပ်တယ်။ ဝန်ဆောင်မှုတွေကောင်းလာမှ နိုင်ငံတကာက ဘဏ်လုပ်ငန်းတွေလာမယ်လို့တော့ ပြောတယ်။

ဘယ်လိုလာမယ်ဆိုတာတော့ မသိသေးဘူး။ အဲဒီလို လာမယ်ဆိုရင်လည်း ချက်ချင်းကြီးလာလို့မရဘူး။ ပြည်တွင်းဘဏ္ဍာရေး စျေးကွက်မှာ နိုင်ငံတကာဘဏ်တွေ ဘယ်လိုဝင်ခွင့်ပြုမယ်ဆိုတာ ရှိသေးတာကို၊ ဥပဒေတွေတော့ အတော်အသင့်တော့ရှိတယ်။ ဒါပေမယ့်ဘဏ်လုပ်ငန်းနဲ့ အရင်းအနှီးစျေးကွက်ကို ပြောနေကြတာကို၊ အဲဒီဟာတွေ အတွက်တော့ အများကြီးလိုပါသေးတယ်။"

ကမ္ဘောဇဘဏ်ရဲ့ဒု – ဥက္ကဋ္ဌ ဦးသန်းလွင်ကလည်း ငွေလဲနှုန်းကို ပြောင်းလဲသတ်မှတ်တာထက် နောက်ဆက်တွဲ စီမံခန့်ခွဲမှုတွေက ပိုပြီးအရေးကြီးတယ်လို့ ပြောပါတယ်။ ဒီအပြောင်းအလဲကို နိုင်နင်းဖို့ဆိုရင် နိုင်ငံခြားက ကျွမ်းကျင်သူတွေရဲ့အကူအညီလိုအပ်တယ်လို့ ဦးသန်းလွင်ကဆိုပါတယ်။

"တသမတ်တည်းဖြစ်အောင်လုပ်တာတော့ လွယ်တယ်။ အဲဒါကို ထိန်းကျောင်းဖို့ကအရေးကြီးတယ်။ ထိန်းကျောင်းတာတော့ ထိရောက်တာပေါ့။ ဥပဒေကလည်း လောလောဆယ် ပြင်ဆင်ထားတုန်းရှိသေးတယ်။ ပြင်လို့ကမပြီးသေးဘူး။ အဲဒီ ပြင်တဲ့ဥပဒေကလည်း ထပ်လာဦးမယ်၊ ဘဏ်ဥပဒေကပြင်ရအုန်းမယ်၊ နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေလည်းပြင်ရဦးမယ်၊ ဒါလည်းမပြီးပြတ်သေးဘူး။

အဲဒါတွေက ပြန်လည်တားဆီးမှုလည်း အဲဒါက ထိန်းကျောင်းရာမှာလွတ်လပ်မှုရှိလာမယ်၊ အဲဒီသဘောလည်းပါတယ်။ လုပ်တတ်ကိုင်တတ်ဖို့လည်းအရေးကြီးတယ်။ အကြံပေးထားတာတော့ကျွမ်းကျင်သူတွေတော်တော်များများလိုမယ်၊ ကိုယ့်ဆီမှာမရှိလည်း နိုင်ငံခြားကခေါ်ပြီး သေချာ စနစ်တကျလုပ်ဖို့လိုတယ်။

ပေါ့ပေါ့တန်တန် တွေးလို့ရတဲ့ ကိစ္စမျိုးမဟုတ်ဘူး။ ကျနော်တို့က စျေးကွက်ကို signal ပေးရမှာကို၊ စျေးကွက်က အရေးကြီးတယ်။ ဘယ်လို signal ပေးမလဲ၊ ဘယ်လိုတုံ့ပြန်လာမလဲ။ အဲဒါလည်း တော်တော်အရေးကြီးတယ်။ စျေးကွက်က တုံ့ပြန်လာလို့ စျေးကွက်ကို ဘယ်လို ထိန်းကျောင်းမလည်း လုပ်ငန်းတွေကပေါ်လာပြီ နောက်ဆက်တွဲ လုပ်ရမယ့်အရာတွေက ပညာသားပါလာပြီ အဲဒါ ပိုအရေးကြီးတယ်။"

အရင်က ငွေလဲနှုန်းကို ၂ မျိုးဖြစ်တာကြောင့် အဓိက အကျိုးအမြတ်ရသူတွေဟာ အစိုးရအရာရှိမိသားစုတွေနဲ့ သူတို့ နီးစပ်တဲ့ သူဌေးတွေဖြစ်တယ်လို့ ဝေဖန်သူတွေကဆိုကြပါတယ်။ သူတို့ဟာ ငွေလဲနှုန်းကွာဟမှုအပေါ် အမြတ်ထုတ်ပြီး ရလာတဲ့ငွေတွေကို နိုင်ငံခြားဘဏ်တွေမှာ အပ်နှံထားကြတယ်လို့ဆိုကြပါတယ်။

ကမ္ဘာဘဏ်ရဲ့ စာရွက်စာတမ်းတွေကို ကိုးကားတဲ့ ရိုက်တာသတင်းမှာတော့ ဗဟိုဘဏ်က ဇပြိလကစလို့ စျေးကွက်ပေါက်စျေးအတိုင်းနှုန်းရှင်စနစ်နဲ့ ငွေလဲနှုန်းကို ကျင့်သုံးဖို့ ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ ဒါကြောင့် ၁ ဒေါ်လာ ၈၂၀ ကျပ်နှုန်းနဲ့ ငွေလဲနှုန်းသစ်ဟာလာမယ့် ရက်သတ္တပတ်တွေအတွင်းမှာ လက်တွေ့ဖြစ်လာဖွယ် ရှိပါတယ်။

ဗဟိုကော်မတီဝင် ဦးမန်းငြိမ်းမောင် သမတလွှတ်ငြိမ်းခွင့်နဲ့ ပြန်လည်လွှတ်မြောက်

VOAI မတ် ၁၉ ။ ။ ပုဒ်မ (၁၇၁) အရ တရားမဝင်အသင်းနဲ့ ဆက်သွယ်မှု၊ ပုဒ်မ (၁၂၂) (၁) အရ နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်နဲ့ စစ်မက်အပြိုင်ခင်းမှု စတဲ့ပုဒ်မတွေနဲ့ ထောင်ဒဏ်တသက်တကျွန်းချမှတ်ခံထားရတဲ့ ကေအန်ယူ ကရင်အမျိုးသားအစည်းအရုံးရဲ့ ဗဟိုကော်မတီဝင် ဦးမန်းငြိမ်းမောင်ကို ပုဒ်မ (၄၀၁) အရ သမ္မတရဲ့ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်နဲ့ ဒီကနေ့ လွှတ်ပေးခဲ့ပါတယ်။

မြန်မာအစိုးရ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တွေနဲ့ ကေအန်ယူအကြား အပစ်အခတ်ရပ်ဆဲရေးနဲ့ ငြိမ်းချမ်းရေးရရှိဖို့ ဆွေးနွေးနေစဉ် ကေအန်ယူဘက်ကလည်း ဖမ်းဆီးခံထားရတဲ့ သူတို့ရဲ့ အဖွဲ့ဝင်တွေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုနေတာပါ။

ပြီးခဲ့တဲ့အပတ်အဂၤါနေ့ကပဲ ဦးမန်းငြိမ်းမောင်ကို နိုင်ငံတော်ပုန်ကန်မှုနဲ့ တရားမဝင်အသင်းအဖွဲ့တွေနဲ့ ဆက်သွယ်မှုနဲ့ ထောင်တသက်တကျွန်း ပြစ်ဒဏ်ပေးပြီးတဲ့နောက် မတ်လ (၁၉) ရက်နေ့မှာ အင်းစိန်ထောင်ကနေလွှတ်ပေးခဲ့တာကို ထောင်မှူးကပြောပြခဲ့ကြောင်း ရှေ့နေဖြစ်သူ ဦးကြီးမြင့်ကပြောပါတယ်။

"ကျနော်တို့သွားပြီးတော့ အယူခံကိစ္စကိုစုံစမ်းရင်းနဲ့ အဲဒီကိစ္စကိုသိတာ။ အင်းစိန်ထောင်ကနေပြီးတော့ ထောင်ကိုသွားတဲ့ အခါကျတော့ သူတို့ကမပြောဘူးခင်ဗျ။ မပြောတဲ့အခါကျတော့ ရီနေတယ်။ ဟာ ခင်ဗျားတို့ ရီနေလို့မရဘူးလို့ ကျနော်က တာဝန်နဲ့လာတာ ဒီမှာ အမိန့်စာတွေပါတယ်လို့။ သူ အယူခံ တက် မတက်ကိုဆွေးနွေးရမှာ။ ကျနော်တို့မှာ ကာလ စည်းကမ်းအလိုက် ဆိုတာရှိတယ်လို့။

အဲဒီလိုပြောတော့မှ ခဏ နာရီဝက်လောက်စောင့်ပါဆိုပြီးတော့မှ အထက်အမိန့်တောင်းပြီးတော့မှ ဆရာတဲ့ ခုနတုန်းကပြော ခွင့်မရှိလို့ပါတဲ့၊ မနက် ရှစ်နာရီကလွှတ်လိုက်ပါပြီတဲ့။ (၄၀၁) နဲ့ အဲ ဒီလိုပြောတယ်။ ထောင်တာဝန်ရှိတဲ့ထောင်မှူးပေါ့၊ အဝမှာရှိတဲ့ ထောင်မှူးကပြောလိုက်တာ။ သူက အတွင်းနဲ့အဆက်အသွယ်လုပ်ပြီး ကျနော့်ကို ပြောလိုက်တာ နာရီဝက်လောက် စောင့်နေရတယ်။"

အခုအချိန်အထိ ဦးမန်းငြိမ်းမောင်လွတ်မြောက်တာနဲ့ ပတ်သက်လို့ သူရဲ့မိခင်အဖွဲ့အစည်းဖြစ်တဲ့ ကေအန်ယူနဲ့ရှေ့နေဖြစ်သူကို အာဏာပိုင်တွေဘက်က အကြောင်းကြားခြင်းမရှိသေးပါဘူးလို့ ဆိုပါတယ်။ ကေအန်ယူ တွဲဘက်အတွင်းရေးမှူး ဗိုလ်မှူးစောလှငွေ ကတော့ တရားဝင်အကြောင်းကြားတာမရှိသေးပေမဲ့ လွတ်လာမယ် ဆိုရင်တော့ သူတို့ အဖွဲ့အစည်းအတွက် ငြိမ်းချမ်းရေး၊ စစ်ရေးအတွက် စဉ်းစားတွေးခေါ်မယ့်သူတဦးတိုး လာမယ်လို့ဆိုပါတယ်။

"မန်းငြိမ်း တစ်ယောက်ကိုလွှတ်ခဲ့လို့ရှိရင်တော့ မန်းငြိမ်းက ကျနော် တို့ ဗဟိုကော်မတီ (၄၀) ကျော်ထဲမှာ တစ်ဦးဖြစ်တဲ့ အတွက်ကြောင့် ကျနော်တို့ တိုင်ပင်ဖော် တိုင်ပင်ဖက် ဆွေးနွေးဖော် ဆွေးနွေးဖက်တွေ ခေါင်းတစ်လုံး ထပ်တိုးလာပြီးတော့ စုပေါင်း ခေါင်းဆောင်မှုမှာ ပျောက်နေတဲ့ ခေါင်းတစ်လုံးပြန်ရလာတယ်။

ပြီးရင်လည်း အဲဒီ စုပေါင်းခေါင်းဆောင်မှုကနေပြီးတော့ ခွဲဝေတဲ့သူနဲ့သင့်တော်တဲ့တာဝန်တွေပေးတဲ့အခါကျရင် ကိုယ် နဂိုလုပ်ငန်းတွေကို ပြန်လည်လုပ်ဆောင်နိုင်မယ်။ နောက်ပြီး သူ့အတွက်လိုအပ်တဲ့ တာဝန်သစ်တွေရှိနေရင် လုပ်ဆောင်နိုင်မယ်ဆိုရင် လုပ်အားတိုးလာတယ်။ အဲဒီတော့ ကျနော်တို့ဘက်ကတော့ အဲဒါ အမြတ်ပေါ့။ အဲဒီအမြတ်က ငြိမ်းချမ်းရေးဖြစ်စဉ်မှာဘဲဖြစ်ဖြစ် စစ်ရေးဖြစ်စဉ်မှာဘဲ ဖြစ်ဖြစ်ပေါ့လေ ဒါဟာ ကျနော်တို့ရဲ့ ခေါင်းဆောင်မှုအပိုင်းမှာ လူတစ်ယောက် တိုးလာတဲ့အတွက်ကြောင့်မို့ ထူးခြားတဲ့အချက် ဒါက အားသာတဲ့အချက်လို့ ပြောလို့ရတာပေါ့။ အဲဒါကလွဲလို့ကတော့ ဘာမှမရှိပါဘူး ဒါက အဲဒီ ကပါဘဲ။"

ဦးမန်းငြိမ်းမောင် အပြစ်မရှိဘူးဆိုရင် တရားရုံးကနေ တရားသေလွှတ်ပေးရမှာဖြစ်ပေမဲ့ အခု လွှတ်ပေးခြင်းဟာ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးအတွက် စိုးရိမ်စရာဖြစ်ကြောင်း၊ တရားစီရင်မှုဟာ အာဏာရသူရဲ့ လက်အောက်မှာပဲရှိနေသေးကြောင်း အာရှလူ့အခွင့်ရေး ကော်မရှင်က ရှေ့နေ ဦးမင်းလွင်က အခုလိုပြောပါတယ်။

"တရားရုံးကနေပြီးတော့ တရားသေလွှတ်နိုင်တဲ့ အခွင့်အရေး ရှိသော်လည်းဘဲ ပြစ်ဒဏ်ပေးခဲ့တယ်။ ပြစ်ဒဏ်ပေးပြီးတော့ တစ်ပတ်မကြာခင်မှာ နိုင်ငံတော်သမ္မတရဲ့ လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ လွှတ်ပေးလိုက်တယ်ဆိုတော့က ကျနော်တို့က ဒီမြန်မာနိုင်ငံရဲ့ တရားစီရင်ရေးစနစ်ကို တော်တော်စဉ်းစားဖို့ဖြစ်လာပါတယ်။ သာမန် ပြည်သူတစ်ဦးလောက်ကို လွှတ်ပေးလိုက်တဲ့ကိစ္စကိုတော့ ကျနော်တို့ ဝမ်းသာတယ်ကြိုဆိုတယ်။"

"သို့သော်လည်းဘဲ အနာဂတ်မှာ ဒီလိုမျိုးတွေ ဆက်တိုက်ဖြစ်လာရင်တော့ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးအတွက် စိုးရိမ်စရာကောင်းတယ်။ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးစနစ်က အုပ်စိုးသူ အာဏာပိုင်အစိုးရရဲ့ လက်အောက်မှာဘဲ မူတည်နေသေးတယ်ဆိုတာ ဒီအမှုက အပီအပြင် သက်သေပြလိုက်တာဖြစ်တယ်လို့ ကျနော်တို့ အနေနဲ့ပြောချင်ပါတယ်။"

ဦးမန်းငြိမ်းမောင်ကို အခုချိန်ထိတော့ ဆက်သွယ်လို့ မရသေးပါဘူး။ သူ့ကို ပြန်လွှတ်ပေးပြီးတဲ့နောက် ရဲအထူးသတင်း တပ်ဖွဲ့က လာရောက်ခေါ်ဆောင်သွားတယ်ဆိုတဲ့ သတင်းတွေသာထွက် ပေါ်ခဲ့ပြီးရှေ့နေဖြစ်သူကိုလည်း ဆက်သွယ်လာခြင်းမရှိသေးဘူးလို့ပြောပါတယ်။

ဦးမန်းငြိမ်းမောင်ဟာ ပြီးခဲ့နှစ် ဇူလိုင်လက တရုတ်ပြည် ကူမင်းလေဆိပ်က မြန်မာနိုင်ငံကိုပြန်ရောက်သွားခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးဥပဒေနဲ့ ထောင်ဒဏ်ခြောက်လ ကျခံခဲ့ရပါတယ်။ ဒီနောက် သူ့ကို တရားမဝင်အသင်းနဲ့ဆက်သွယ်မှု နိုင်ငံတော်ပုန်ကန်မှုတွေနဲ့ တရားစွဲခံရပြီး ပြီးခဲ့တဲ့အပတ်က ထောင်ဒဏ် တသက်တကျွန်း ချခံထားရတာဖြစ်ပါတယ်။

ရွှေကောက်ပွဲမကျင်းပတဲ့အပေါ် ဝေဖန်မှုတွေထွက်ပေါ်

Mizzimaမတ် ၂၃။ ။ကြားဖြတ်ရွှေကောက်ပွဲကျင်းပရန်ရက်ပိုင်းသာလိုတော့ချိန်မှ လုံခြုံရေးအကြောင်းပြချက်ဖြင့် ကချင်ပြည်နယ်အတွင်း ရွှေကောက်ပွဲများ ကျင်းပတော့မည်မဟုတ်ကြောင်း ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်က ကြေညာလိုက်ခြင်းမှာ မရိုးသားတဲ့လုပ်ရပ်ဟု လွှတ်တော်ကိုယ်စားလှယ်လောင်းဒေါ်ဘောက်ဂျာက ဝေဖန်သည် ။

ကချင်ပြည်နယ်အတွင်း လစ်လပ် မဲဆန္ဒနယ်များဖြစ်သည့် ဖားကန့်၊ ဗန်းမော်၊ မိုးကောင်း မြို့နယ်များတွင် ရွှေကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိဟု နိုင်ငံပိုင် ရုပ်မြင်သံကြားမှတဆင့် သောကြာနေ့ ညနေပိုင်းတွင်ကြေညာခဲ့ခြင်းကို ဝေဖန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ကျမတို့ကိုလည်း ဘာမှအကြောင်းမကြားဘူး၊ ဒါက ရိုးသားမှုမရှိဘူး။ လုံခြုံရေးက ဘာမှမဖြစ်ပါဘူး။ ကျမတို့လည်း ညညနေ့နေ့ ဒီအတိုင်း သွားလာနေတာပဲ။ ဘာ အနောက်အယှက်မှ မရှိပါဘူး။ ဖားကန့်မှာ ကျမက လုံးဝနိုင်နိုင်ပါတယ်။ အဲဒါကို ဒီလိုလုပ်တယ်ဆိုတော့

စာမျက်နှာ ၁၅ သို့

ကြားဖြတ်ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ဖို့ အာဆီယံကို မြန်မာအစိုးရ တရားဝင် ဖိတ်ခေါ်လိုက်ပြီ

VOA၊ မတ် ၂၀ ။ ။ မကြာခင် ကျင်းပတော့မယ့် ကြားဖြတ် ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်ဖို့ အရှေ့တောင်အာရှ နိုင်ငံများ အသင်း အာဆီယံကို မြန်မာအစိုးရ တရားဝင် ဖိတ်ခေါ်လိုက်ပါပြီ။

အခုလို အာဆီယံအသင်း ရွေးကောက်ပွဲကို လာရောက် လေ့ လာမယ်ဆိုတဲ့အခြေအနေကို တိုးတက်မှုတရပ်အနေနဲ့ မြန်မာ့အရေး လေ့လာသူတွေကတော့ ရှုမြင်ပါတယ်။ ဒါပေမယ့် အာဆီယံက အ စပြုပြီး အခြား နိုင်ငံတကာနဲ့ ပြည်တွင်းလေ့လာရေးအဖွဲ့တွေကို ခွင့် ပြုဖို့ကိုလည်း တဘက်က မျှော်လင့်နေကြပါတယ်။

အာဆီယံအသင်းကြီးရဲ့ အတွင်းရေးမှူးချုပ်ရုံးက ငါးဦးပါကိုယ် စားလှယ်အဖွဲ့နဲ့ အာဆီယံနိုင်ငံ တနိုင်ငံချင်းက လွှတ်တော်အမတ်နှစ် ဦးစီကို လာမယ့် ရွေးကောက်ပွဲကို လေ့လာစောင့် ကြည့်နိုင်ဖို့ မြန်မာ အစိုးရက တရားဝင်ဖိတ်ကြားလိုက်ပြီလို့ အာဆီယံအသင်းက ထုတ် ပြန်လိုက်ပါတယ်။ ဒီအဖွဲ့တွေနဲ့အတူ သတင်းမီဒီယာကိုယ်စားလှယ် တွေလည်း ပါဝင်ခွင့်ပေးထားပါတယ်။

လာမယ့် မတ်လ ၂၈ ရက်နေ့အရောက် ရန်ကုန်ကိုလာရောက်ဖို့ ဖိတ်ကြားထားတာပါ။ အခုလို ဖိတ်ကြားမှုဟာ တိုးတက်မှုတခုလို့ မြန် မာ့အရေးလေ့လာသူတွေကမြင်ပါတယ်။ ဒါပေမဲ့လည်း အစိုးရသက် သက်တင်မဟုတ်ဘဲ အခြားအစိုးရမဟုတ်တဲ့လွတ်လပ်တဲ့ရွေးကောက် ပွဲ လေ့လာရေးအဖွဲ့တွေ အာဆီယံအတွင်း လူထုအခြေပြုအဖွဲ့အစည်း တွေကိုလည်း ခွင့်ပြုသင့်တယ်လို့ အင်ဒိုနီးရှား လွှတ်တော်အမတ် Eva Sundari က ပြောပါတယ်။

" ဒါကို တိုးတက်မှုအနည်းအကျဉ်းအနေနဲ့ မြင်လို့ရပါတယ်။ ဒါပေမဲ့ အခုလို အစိုးရသက်သက်တင် ဖိတ်ကြားရုံမဟုတ်ဘဲ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတွေကိုပါ လေ့လာစောင့်ကြည့်ခွင့်ပေးမယ်ဆို ရင် ပိုပြီး ဝမ်းမြောက်စရာကောင်းမှာပါ။ အထူးသဖြင့် ရွေးကောက်ပွဲ တွေနဲ့ပတ်သက်လို့ စိတ်ဝင်တစား စောင့်ကြည့်တဲ့အဖွဲ့အစည်းတွေကို ဖိတ်ကြားသင့်ပါတယ်။"

အာဆီယံဒေသတွင်းနိုင်ငံတွေရဲ့ ရွေးကောက်ပွဲအတော်များ များမှာ အစိုးရလေ့လာသူတွေမဟုတ်ဘဲ လွတ်လပ်တဲ့ ရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့တွေကိုပါ ဖိတ်ကြားလေ့ရှိပါတယ်။ ဒါကြောင့်လည်း ဒေသတွင်း အစိုးရမဟုတ်တဲ့ လွတ်လပ်တဲ့ ရွေးကောက်ပွဲစောင့်ကြည့် ရေးအဖွဲ့တွေကလည်း မြန်မာနိုင်ငံ ရွေးကောက်ပွဲကို လေ့လာခွင့်ရဖို့ စိတ်အားထက်သန်နေပါတယ်။

ဒါ့အပြင် အခြား ကုလသမဂ္ဂတို့ အီးယူ-ဥရောပသမဂ္ဂတို့လို ကျယ်ပြန့်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေပါ ဝင်ရောက် လေ့လာခွင့် ရစေချင်တယ်လို့ မြန်မာ့အရေးသုံးသပ်သူ မြန်မာလူထုအခြေပြုအဖွဲ့အ စည်းများဆိုင်ရာ ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဒေါက်တာခင်ဇော်ဝင်းက ပြောပါတယ်။

"၂၀၁၀တုန်းကလည်း အင်ဒိုနီးရှားအစိုးရအနေနဲ့က လာရောက် လေ့လာသူအနေနဲ့လာနိုင်ဖို့ ကမ်းလှမ်းခဲ့တာလည်း ရှိဖူးပြီး အဲဒီတုန်း ကတော့ မဖြစ်ခဲ့ဘူးပေါ့လေ။ ခုချိန်မှာ ဖြစ်လာတဲ့အတွက် ကျနော့ အနေနဲ့ ဒါကို အားရဝမ်းသာကိုကြိုဆိုပါတယ်။ ဒါ ကောင်းသော ခြေလှမ်းတလှမ်းပါ။ အာဆီယံနဲ့စတယ်ပေါ့။ အာဆီယံနဲ့ ဒီက အမတ် တွေရော၊ အတွင်းရေးမှူးချုပ်ရုံးရော၊ ခွင့်ပြုတယ်ဆိုလို့ရှိရင် ဒါဟာအင်မ တန်ကောင်းတဲ့ ခြေလှမ်းတလှမ်းပါ။

UN ကရော EU ကရော ပြောဖူးတယ်လေ၊ မြန်မာဟာ အာဆီ ယံနိုင်ငံလည်းဖြစ်တယ်ပေါ့။ လာရောက်ဖွယ်ရှိတယ်ပေါ့ဆိုတော့ အာ ဆီယံနဲ့ စတာပေါ့။ တချိန်တည်းမှာပဲ UN တို့ EU တို့ကလည်း ဆက် ပြီးတော့ ကြီးပမ်းသင့်တယ်လို့ ထင်ပါတယ်။"

အာဆီယံအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကတည်းက ဝင်ရောက် လေ့လာဖို့ကြိုးစားခဲ့ပေမဲ့ ခုတကြိမ်ကျမှ ဝင်ရောက်ခွင့်ပေးတယ် ဆို တော့ အာဆီယံနဲ့ စရမယ့်သဘောမျိုးတော့ ရှိတယ်လို့ ဒေါက်တာ ခင်ဇော်ဝင်းက ပြောပါတယ်။ တချိန်တည်းမှာလည်း ပြည်တွင်းက သီးခြားလွတ်လပ်တဲ့ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့တွေအတွက် လည်း အခုလို နိုင်ငံတကာဝင်ရောက်ခွင့်ရမယ်ဆိုရင် ပိုပြီး အားဖြစ်စေ လိမ့်မယ်လို့ ဒေါက်တာခင်ဇော်ဝင်းက ပြောပါတယ်။

အာဆီယံအတွင်းရေးမှူးချုပ်ဆူရစ်ပစ်ဆူဝမ်ဟာပြီးခဲ့တဲ့လတုန်း က မြန်မာနိုင်ငံကိုသွားရောက်ရာမှာ အာဆီယံရဲ့ ရွေးကောက်ပွဲလေ့လာ ရေးအဖွဲ့စေလွှတ်ခွင့်ရဖို့ကမ်းလှမ်းခဲ့တာပါ။အာဆီယံတိုင်းပြည်တွေကို ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး မြန်မာအာဏာပိုင်တွေက ခွင့် ပြုလိုက်ချိန်မှာပဲ၊ မြန်မာသမတဦးသိန်းစိန်ဟာ ဗီယက်နမ်၊ ကမ္ဘောဒီး ယား၊ လာအိုးနိုင်ငံတွေဆီကို ခရီးထွက်ခွာသွားပြီဖြစ်ပါတယ်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ ဧနရဲ ပြန်ပို့ခံရ

RFA၊ မတ် ၂၀ ။ ။ ဇူလိုင် ၁ ရက်နေ့မှာကျင်းပမယ့် ကြားဖြတ်ရွေး ကောက်ပွဲကို လာရောက်လေ့လာစောင့်ကြည့်တဲ့ ထိုင်းနိုင်ငံအခြေစိုက် Asia Network for Free Elections (ANFREL) ရဲ့အမှုဆောင် ဒါရိုက်တာ Ms.Somsri Hananuntasuk ကို ဒီနေ့ညနေ ငါးနာရီမှာ မြန်မာအာဏာပိုင်တွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ ထိုင်းနိုင်ငံကိုပြန်ပို့လိုက်ပါတယ်။

မတ်လ ၂၀ ရက် နေ့လယ်သုံးနာရီမှာ Ms.Somsri Hananunt asuk နဲ့ ANFREL အဖွဲ့သားလေးဦး တည်းခိုနေထိုင်တဲ့ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်မှာရှိတဲ့ Orchid Hotel ရဲ့ ရှစ်လွှာမှာရှိတဲ့ ရုံး ခန်းကို လူဝင်မှုကြီးကြပ်ရေးအရာရှိများနဲ့ ဒေသဆိုင်ရာအာဏာပိုင်များ ပါဝင်တဲ့အဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ပြီး Ms.Somsri Hananuntasuk ကို အဓိကထားစစ်ဆေးမေးမြန်းခဲ့တယ် လို့ ANFREL နီးစပ်တဲ့အသိုင်း အဝိုင်းကပြောပါတယ်။ ထိုင်းနိုင်ငံအခြေစိုက် အာရှရွေးကောက်ပွဲများ လေ့လာစောင့် ကြည့်ရေးအဖွဲ့ရဲ့ အမှုဆောင်ဒါရိုက်တာ Ms. Somsri Hana nuntasuk ဟာ မတ်လ ၁၆ ရက်နေ့မှာ မြန်မာနိုင်ငံကို တတိယ အကြိမ်ရောက်ရှိလာပြီး ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးနဲ့သက် ဆိုင်တဲ့သင်တန်းများကို သတင်းမီဒီယာသမားများနဲ့ တက်ကြွလှုပ်ရှား သူများကိုပို့ချခြင်းကြောင့် ယခုလို ထိုင်းနိုင်ငံကို အမြန်ပြန်ပို့ခံရတာ ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

ANFREL အဖွဲ့ဟာ မကြာခင်ကျင်းပတော့မယ့် ကြားဖြတ် ရွေးကောက်ပွဲကို ဝင်ရောက်လေ့လာခွင့်ပေးဖို့ ဦးတင်အေးဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖေဖော် ဝါရီလအတွင်းက အကြောင်းကြားစာတစ်စောင်ပို့ပြီး တောင်းဆိုခဲ့ တယ်လို့သိရပါတယ်။

ၿငိုးအဖွဲ့ဟာ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ကာလအ တွင်းကလည်း မြန်မာနိုင်ငံအတွင်းမှာ ရွေးကောက်ပွဲ လေ့လာစောင့် ကြည့်မှုကိုပြုလုပ်ခဲ့တဲ့အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အဲဒီကာလတုန်းကလည်း ANFREL အဖွဲ့သားတစ်ချို့ဟာ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုး ဖောက်မှုနဲ့ ထိုင်းနိုင်ငံကို ပြန်လည်ပို့ဆောင်ခြင်းခံခဲ့ရပါတယ်။

ဂျပန်အစိုးရမှ မြန်မာနိုင်ငံမှာ ဆေးဘက်ဆိုင်ရာအကယ်ဒမီကျောင်းဖွင့်ဖို့ စီစဉ်နေ

DVBI မတ် ၁၉ ။ ။ ဂျပန်နိုင်ငံရဲ့ အကြီးဆုံးတက္ကသိုလ်တွေထဲက တခုဖြစ်တဲ့ အိုကာယာမာတက္ကသိုလ်ဟာ မြန်မာနိုင်ငံမှာ ဆေးဘက်ဆိုင်ရာအကယ်ဒမီသင်တန်းကျောင်းတခု တည်ထောင်ဖွင့်လှစ်ဖို့စီစဉ်နေတယ်လို့ ဂျပန်နိုင်ငံထုတ် Yomiuri သတင်းစာမှာ ဖော်ပြပါတယ်။

မြန်မာနိုင်ငံတွင်းမှာ ဆရာဝန်တွေကို လေ့ကျင့်သင်ကြားပေးဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြှင့်တင်ပေးဖို့ရည်ရွယ်ပြီး ခုလို ဆေးကျောင်းဖွင့်လှစ်ဖို့ဖြစ်လာတာပါ။ ဂျပန်တက္ကသိုလ်အနေနဲ့ မြန်မာနိုင်ငံ ဘယ်နေရာမှာကျောင်းဆောက်လုပ်ရမယ်ဆိုတာနဲ့ ကျောင်းဝင်ကြေးကိစ္စတွေကိုတော့ မြန်မာကျန်းမာရေးဝန် ကြီးဌာနနဲ့ ဆွေးနွေးတိုင်ပင်ဖို့ရှိနေတယ်လို့ သတင်းမှာ ဖော်ပြထားပါတယ်။

သင်တန်းကျောင်းအမည်ကို ရင်ရှိ အကယ်ဒမီလို့ပေးမှာ ဖြစ်ပြီး မကြာခင်နှစ်အနည်းငယ်အတွင်း ကျောင်းစတင် တည်ဆောက်ဖို့ရှိတယ်လို့သိရပါတယ်။ ဒီကျောင်းဟာ မြန်မာနိုင်ငံရဲ့ ဆေးကုသမှုဆိုင်ရာ ဗဟိုဌာနချုပ်ဖြစ်ဖို့ အိုကာယာမာတက္ကသိုလ်က မျှော်လင့်ထားပါတယ်။ ဒီ တက္ကသိုလ်ဟာ မြန်မာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့အိန္ဒိယ နိုင်ငံအပြင် ဗီယက်နမ်နိုင်ငံမှာလည်း ဌာနခွဲတွေဖွင့်လှစ်ထားတာပါ။

မြန်မာနိုင်ငံကိုတော့ ၂၀၀၂ ခုနှစ်ကစပြီး ဆေးဘက်ဆိုင်ရာ အကူအညီအထောက်အပံ့တွေ စတင်ပေးအပ်ခဲ့ပါတယ်။ တက္ကသိုလ်ရဲ့ပါမောက္ခဟောင်း ရှိဂီရူ အိုကာဒါဟာ မြန်မာနိုင်ငံ နေပြည်တော်နဲ့ရန်ကုန်မြို့တွေကိုသွားရောက်ပြီး ဆရာဝန်တွေ အတွက်ဆေး ဘက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနဲ့ သင်တန်းတွေ ပို့ချခဲ့ဖူးပါတယ်။

၂၀၀၅ ခုနှစ်မှာ မစ္စတာ အိုကာဒါ အနားယူသွားပြီးနောက် အိုကာယာမာတက္ကသိုလ်က မြန်မာနိုင်ငံနဲ့ဆက်လက်ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံမှာ ပလတ်စတစ် ဆာဂျရင်အပါအဝင် လူနာပေါင်း ၁၆၀ လောက်ရဲ့ ခွဲစိတ်ကုသမှုတွေမှာ အကူအညီပေးခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အစီအစဉ်တွေကို တာဝန်ယူဆောင်ရွက်နေတဲ့ အိုကာယာမာတက္ကသိုလ် ဆေးပညာဘွဲ့လွန်ဌာနပါမောက္ခ ယိုရှိဟီရိုကီမာတာက မြန်မာနိုင်ငံက လူနာတွေ အများအပြားရဲ့အသက်တွေကို ကယ်တင်ဖို့ မြန်မာနိုင်ငံကို ပုံမှန်ဆရာဝန်တွေစေလွှတ်ဖို့အစီအစဉ်တခု စလုပ်ချင်တဲ့အကြောင်းနဲ့ တက္ကသိုလ်ကို နိုင်ငံတကာမှာ ပိုမိုတိုးချဲ့ဖို့ မြန်မာနိုင်ငံနဲ့ အပြန်အလှန် ဖလှယ်ဆောင်ရွက်မှုတွေ ဆောင်ရွက်ချင်တဲ့အကြောင်း ဂျပန်သတင်းစာကို ပြောပါတယ်။

မြန်မာနိုင်မှာ ဒေသတွင်းနိုင်ငံတွေထက်စာရင် ဆေးပညာသင် တက္ကသိုလ်တွေ အနည်းငယ်သာရှိပြီး ဆရာဝန်မလုံလောက်မှုနဲ့လည်း ရင်ဆိုင်နေရတာပါ။ တနိုင်ငံလုံးမှာရန်ကုန်၊မန္တလေးနဲ့မကွေးမြို့တွေမှာ ဆရာဝန်တွေ မွေးထုတ်ပေးနေတဲ့ အဓိက ဆေးတက္ကသိုလ် ၄ ခုရှိပြီး လူ ၁ သိန်းလောက်မှာ ဆရာဝန် ၃၀ နှုန်းလောက်ပဲ ရှိနေတာပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့စာရင်းမှာတော့ မြန်မာအစိုးရဟာ ကျန်းမာရေးအသုံးစရိတ်ကို တိုင်းပြည်ရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ရဲ့ ၂ ရာခိုင်နှုန်းလောက်ပဲ အသုံးပြုနေတယ်လို့ ဖော်ပြပါတယ်။

အရှေ့တောင်အာရှဒေသတွင်းမှာ ကျန်းမာရေးအသုံးစရိတ်အနည်းဆုံးနှုန်းလည်းဖြစ်ပါတယ်။ မြန်မာအစိုးရကတော့ လက်ရှိနိုင်ငံမှာ ကျန်းမာရေးအသုံးစရိတ်ကို တိုင်းပြည်အသုံးစရိတ်ရဲ့ ၁၀ ရာခိုင်နှုန်းအသုံးပြုနေပြီး မြန်မာလွတ်တော်မှာလည်း ကျန်းမာရေးအသုံးစရိတ်ကို လာမယ့် ၂၀၁၃ ဘတ်ဂျက်မှာ မြန်မာကျပ်ငွေ ၄၀ ဘီလျံကနေ ၃၆၇ ဘီလျံထိ တိုးပေးဖို့ အစိုးရက အဆိုပြုထားတယ်လို့ သိရပါတယ်။

ရွှေကောက်ပွဲကော်မရှင် ဥပဒေပြဋ္ဌာန်းချက်နဲ့မညီဟု အဖွဲ့ချုပ်ကြည်ာ

DVBIမတ်၁၉။ ။ လာမယ့်ဇူလိုင်ရက်ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးတဲ့နေရာမှာ ပါတီကြီးတခုရဲ့ ဆောင်ရွက်ချက်ဟာ ရွေးကောက်ပွဲကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်တွေနဲ့ မညီညွတ်ဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့က ကြေညာလိုက်ပါတယ်။

မတ်လ ၁၉ ရက် ဒီနေ့ ရက်စွဲနဲ့ သတင်း ထုတ်ပြန်ချက်တစောင် ထုတ်ပြန်ကာ ခုလို ဝေဖန်လိုက်တာဖြစ်ပြီး ဒီကြေညာချက်မှာ အာဏာရ ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီရဲ့ မဲဆွယ်ဆောင်ရွက်ချက်များကိုထောက်ပြဝေဖန်ထားပါတယ်။

ဒီသတင်းထုတ်ပြန်ချက်မှာ စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်အတွင်းမှာ ကြံ့ခိုင်ရေးပါတီ မဲဆွယ်စည်းရုံးရာမှာ အန်အယ်လ်ဒီပါတီ ဥက္ကဋ္ဌကိုပုတ်ခတ်ပြောဆိုခဲ့တဲ့အကြောင်းနဲ့ရွာစာသင်ကျောင်းဆောက်ဖို့ငွေ ၃ သိန်းခွဲလှူပြီး သူအနိုင်ရရင် နောက်ထပ် ၃ သိန်းခွဲလှူဦးမယ်ဆိုပြီး စည်းရုံးတာမျိုးဟာ မဲဝယ်တဲ့လုပ်ရပ်ဖြစ်လို့ ဥပဒေနဲ့ မညီတဲ့အကြောင်း ဖော်ပြထားပါတယ်။

ဒါ့အပြင် ရွှေကောက်ပွဲကော်မရှင်က ကြိုတင်မဲကို မတ်လ၃၀ နဲ့ ၃၁ ရက်နေ့တွေမှာပေးရမယ်လို့ ညွှန်ကြားထားပေမယ့်တနင်္သာရီတိုင်း လောင်းလုံမြို့နယ်မှာ အခုကတည်းက ကြိုတင်မဲကောက်ယူနေတယ်လို့ အန်အယ်လ်ဒီကဆိုပါတယ်။

အလားတူ နေပြည်တော် ဥတ္တရသီရိမြို့နယ်မှာလည်း အန် အယ်လ်ဒီကိုယ်စားလှယ်လောင်း ဦးမင်းသူရဲ့ ဟောပြောပွဲမှာ တိုက်ခိုက်ခံရတဲ့အကြောင်း ဒါတွေဟာ ဥပဒေနဲ့မညီဘဲ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲ ဖြစ်စေရေးကိုလဲ ထိခိုက်စေနိုင်တယ်လို့ အန်အယ်ဒီပါတီက ဆိုပါတယ်။

အဖွဲ့ချုပ်အောင်နိုင်ရေးမန်နေဂျာ ဦးဉာဏ်ဝင်းက ...

"အဲဒါမျိုးတွေဟာ ဥပဒေနဲ့ပြီပါတယ်။ ဒါ လာဘ်ပေးလာဘ်ယူကိစ္စတွေပါ။ အလားတူဖြစ်ရပ်မျိုးတွေ တတိုင်းပြည်လုံးအများကြီးပါ။ ကျနော်တို့ အားလုံးကိုမထည့်ပါဘူး။ အရေးကြီးတဲ့အချက်တွေကို ရွေးပြီး သတင်းထုတ်ပြန်ချက်မှာ ထည့်ထားတာပါ။" လို့ပြောပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့ကလည်း ကော့မှူးမြို့နယ်အတွင်းမှာသေဆုံးသူ ၄၀၀ ကျော်ရဲ့စာရင်းတွေအပါအဝင် လူပေါင်း ၂ ထောင်ကျော် ရဲ့ မဲစာရင်းတွေ မှားယွင်းနေမှု၊ တောင်တွင်းကြီးမြို့နယ်မှာမဲစာ ရင်းတွေ ကူးယူခွင့် မရမှုတွေနဲ့ပတ်သက်ပြီး အန်အယ်လ်ဒီက သတင်းထုတ်ပြန်ခဲ့ပါသေးတယ်။



မတ် ၁၈ ၊ Yomiuri ။ ။ မြန်မာကျေးလက်များတွင် ဆေးကုပေးရုံသာဆက်လုပ်သည်ထက် ရေရှည်ငွေကုန်သက်သာ ကုသမှုပိုရနိုင်သည့် ဆေးဘက်ပညာရှင်တိုးရေးကို Okayama တက္ကသိုလ်အကူဖြင့်လုပ်မည်ဟု မြန်မာ-ဂျပန် ဆေးဘက်ဝန်ထမ်းအင်အားတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းမှဆို၏။

မတ် ၁၈ ၊ BILLINGS,USA ။ ။ ခရစ်ယန်သာသနာပြုအဖွဲ့ Vision Beyond Borders သည် မြန်မာတွင် မိဘမဲ့ကလေးများအား ကူညီနေသည်မှာ ၁၅ နှစ်ခန့်ရှိပြီး မိဘမဲ့ဂေဟာ ၁၀ ခုခန့်ဖွင့်ထားကြောင်း။

မတ် ၁၉ ၊ Rtrs ။ ။ ပဒိုမန်းညိမ်းမောင် (၇၀) အား ငြိမ်းချမ်းရေးဆွေးနွေးရန် သမတဦးသိန်းစိန်အမိန့်ဖြင့် ထောင်မှလွှတ်ပေးလိုက်ကြောင်း သူ၏ ရှေ့နေမှဆို၏။

မတ် ၁၉ ၊ Bermama ။ ။ မြန်မာ ပြန်ကြားရေးဝန်ကြီးဌာနသည် UNESCO နှင့်တွဲဖက်၍ ၂ ရက်တာ မီဒီယာကွန်ဖရင့်ကျင်းပခဲ့ရာ ကမ္ဘာ့မီဒီယာနှင့် ပညာရှင် စသည်တို့လည်းတက်ရောက်ခဲ့၏။

မတ် ၁၉ ၊ Deutsche Welle ။ ။ ပေါ့ပ်အဆိုကျော် အာရ်ဇာနီသည် အမျိုးသမီးများနှင့် ခရေးသူငယ်များအား ရောင်းစားသည့် လူကုန်ကူးခြင်းလုပ်ငန်းရပ်တန့်ရေး လှုပ်ရှားမှု သတင်းမှတ်တမ်း ရုပ်ရှင်ရိုက်ကူး၍ မတ်လဆန်းတွင် ပညာပေးအဖြစ်ပြသခဲ့၏။

မတ် ၁၉ ၊ Calcutta News.Net ။ ။ အိန္ဒိယမှ United Bank of India သည် အိန္ဒိယနှင့်မြန်မာ နှစ်ပြည်ထောင်ကုန်သွယ်ရေး တိုးမြှင့်ရေးအကြံပြုချက်တရပ် မကြာမီတင်ပြမည်။

မတ် ၁၉ ၊ Daily Star, Bangladesh ။ ။ ပင်လယ်ရေနက်ပိုင်ဆိုင်မှု အငြင်းပွားမှုတွင် ဘင်္ဂလားဒေ့ရှ်သို့ တရားရုံးမှ အနိုင်ပေး ဆုံးဖြတ် အေးငြိမ်းစွာ ပြီးဆုံးပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပိုကောင်းရန် မျှော်လင့်ကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးမှဆို၏။

မတ် ၁၉ ၊ Irrawaddy ။ ။ နေပြည်တော်တွင် အဲန်အဲလ်ဒီအမတ်လောင်း ဦးမင်းသူအတွက် မဲဆွယ်စဉ် အဲန်အဲလ်ဒီအဖွဲ့ဝင်အချို့ ကိုယ်ထိလက်ရောက် အတိုက်အခိုက်ခံရကြောင်း။

မတ် ၁၉ ၊ Mizzima ။ ။ မြောင်းမြဖက်တွင် အဲန်အဲလ်ဒီ ပိုစတာများကို ဖျက်လိုဖျက်ဆီးလုပ်ခြင်းများရှိခဲ့၏။

မတ် ၁၉ ၊ Asian Correspondent ။ ။ ပထမဦးဆုံးအကြိမ် သတင်းနှင့်စာနယ်ဇင်းဆုကို မတ် ၁၈ တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားကဏ္ဍတ်ရုံတွင်ကျင်းပခဲ့၏။

မတ် ၁၉–၂၀ ၊ AFP ။ ။ မြန်မာ၏ပြုပြင်ပြောင်းလဲမှုများ၏ အဓိက သက်သေများအဖြစ်ယုံကြည်ရသော ရှေ့လ ကြားဖြတ်ရွေးကောက်ပွဲများတွင် နိုင်ငံတကာမှ ရွေးကောက်ပွဲကို မျက်မြင်စူးစမ်းခွင့်ပေးရာရောက်သော အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် အခြားနိုင်ငံတို့မှ လေ့လာစောင့်ကြည့်သူများဖိတ်ခေါ်လိုက်ကြောင်း အရာရှိတဦးမှဆို၏။

မတ် ၁၉–၂၀ ၊ AFP ။ ။ လက်ရှိ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသည် အခြေခံလူထု၏ မဟာလုပ်ငန်း စီမံကိန်းများအပေါ် ကန့်ကွက်မှုကို ဖြစ်ပေါ်စေနေရာ စီစဉ်ထားသည့် ထားဝယ် ရေနက်ဆိပ်ကမ်းစီမံကိန်းအပေါ် လူထု၏ ဒေါမာန်ဟုန်သည် အရှိန်တက်နေ၏။

မတ် ၁၉ ၊ AP ။ ။ မန္တလေးဖက်တွင် စစ်ကျန်ဗုံးပေါက်သဖြင့် ခရေးတဦးနှင့် လူကြီး ၂ ဦးသေဆုံး၏။

မတ် ၂၀ ၊ AFP ။ ။ တိုင်းရင်းသူပုန်များအပေါ် တိုက်စစ်ကြောင့် သောင်းချီသည့်လူများကို အိုးအိမ်စွန့်ပြေးစေခဲ့သည့် မြန်မာတပ်များသည် အရပ်သားများအပေါ် ကြီးလေးသည့် လူ့အခွင့်အရေးဖေါက်ဖျက်မှုများကျူးလွန်ခဲ့၏။

မတ် ၂၀ ၊ KL, Rtrs ။ ။ မြန်မာသည် ငွေလဲနှုန်းအသစ်အဖြစ် တဒေါ်လာလျှင် ကျပ် ၈၂၀ ဝန်းကျင်သတ်မှတ်ရန် စီစဉ်နေ၏။ လက်ရှိ တရားဝင်လဲလှယ်နှုန်းသည် တဒေါ်လာလျှင် ၆.၄ ကျပ်ဖြစ်၏။

မတ် ၂၀ ၊ SPR ။ ။ မြန်မာသည် ကျန်းမါရေးတွင် အသုံးစရိတ်ကို ၄ဆတိုးသုံးမည်။

မတ် ၂၀ ၊ BKK-Rtrs ။ ။ မိမိတို့သည် ထားဝယ် လျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ရေးစီမံကိန်းကို မစွန့်လွှတ်ဘဲ လောင်စာပြောင်းသုံးရန် စီစဉ်နေကြောင်း ထိုင်းမှ ရတ်ချပူဥရီ လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းမှဆို၏။

မတ် ၂၁ ၊ Fox News ။ ။ ငပုတောအနီး ယမန်နေ့က ပုသိမ်သူ သဘော်နစ်မြုပ်ရာ လူ ၁၀ သေဆုံး သုံးဦးပျောက်ဆုံး ၇၂ ဦး ကယ်ဆယ်ခဲ့ကြောင်း။

မတ် ၂၁ ၊ ASEAN ။ ။ အာဆီယံသည် မြန်မာမှ တောင်းဆိုသလို ရွေးကောက်ပွဲလေ့လာသူ ၂၃ ဦးစေလွှတ်မည်ဟုဆို၏။

မတ် ၂၁ ၊ Business Times ။ ။ မလေးရှားမှ Malayan banking Bhd (Maybank) သည် မြန်မာတွင် ခွင့်ရလာလျှင် ဘဏ်ခွဲဖွင့်လိုကြောင်း။

မတ် ၂၁ ၊ Channel ANewsAsia ။ ။ ဈေးကွက်ကြီးသောမြန်မာသို့ ဝင်ရန် အာရှကြိုးမဲ့နှင့်ကြေးနန်းလုပ်ငန်းများ စိုင်းပြင်းနေ၏။

မတ် ၂၁ ၊ Nation ။ ။ ရွေးကောက်ပွဲအတွက် အာဆီယံစောင့်ကြပ်သူများအား အဲန်အဲလ်ဒီမှ ကြိုဆိုကြောင်း။

မတ် ၂၁ ၊ Irrawaddy ။ ။ မြန်မာအာဏာပိုင်များသည် ဘန်ကောက်အခြေစိုက် Asian Network for Free Elections (ANFREL) ၏ ညှိနှိုင်းရေးတာဝန်ထမ်းဆောင်နေသူများကို မတ် ၂၀ တွင် ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း။

စာမျက်နှာ ၁၃ သို့

မိဒီယာပြောင်းလဲရေး မဟာဗျူဟာချပြီး အကောင်အထည်ဖော်နေဟု ပြောဆို

Mizzima မတ် ၁၉ ။ ။ မိဒီယာ ပြုပြင်ပြောင်းလဲရေးအတွက် ခြေလှမ်းသုံးဆင့်နှင့် နှစ်လမ်းသွား မဟာဗျူဟာတို့ကို ချမှတ်အကောင်အထည်ဖော်နေကြောင်းအစိုးရတာဝန်ရှိသူများက ပြောကြားလိုက်သည်။

ရန်ကုန်မြို့တွင် တနင်္လာနေ့မှစတင်၍ နှစ်ရက်တာ ကျင်းပနေသည့် 'မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်'တွင်ပြန်ကြားရေးဌာနဝန်ကြီးနှင့်ညွှန်ချုပ်တို့က ပြောဆိုလိုက်ခြင်းဖြစ်သည်။

'ခြေလှမ်းသုံးဆင့်' ချမှတ်အကောင်အထည်ဖော်မှုဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းလိုက်ကတည်းက စတင်လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ UNESCO အဖွဲ့ကြီးတို့ ပူးပေါင်းကျင်းပသည့် အဆိုပါကွန်ဖရင့် အဖွင့်မိန့်ခွန်းတွင် ဝန်ကြီးဦးကျော်ဆန်းက ပြောကြားလိုက်သည်။

"စာနယ်ဇင်းတွေအပေါ် တင်းကြပ်ထားမှုတွေကို တဆင့်ချင်း လျော့ချလာပြီးဖြစ်ပါတယ်။ ဒီအဆင့်မှာ ပြည်တွင်း အပါတ်စဉ်ထုတ် ဂျာနယ်တွေကို စာနယ်ဇင်းလတ်လပ်ခွင့်ကို တာဝန်ယူမှုနဲ့ တာဝန်ခံမှုရှိရှိ ကျင့်သုံးနိုင်ဖို့ လမ်းဖွင့်ပေးနေပါတယ်" ဟုပြောသည်။ ထိုအဆင့်အရ ဂျာနယ် ၁၇၃ စောင်နှင့် မဂ္ဂဇင်း ၁၂၄ စောင်မှာ စိစစ်ရေးသို့ကြိုတင်ခွင့်ပြုချက်တင်စရာမလိုဘဲ ထုတ်ဝေနိုင်ပြီဟု ဝန်ကြီးကပြောဆိုသွားသည်။

"ဒုတိယအဆင့်အနေနဲ့ ၁၉၆၂ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ခြင်းဥပဒေကိုပယ်ဖျက်ပြီးသကာလ အခြေခံဥပဒေပါစာနယ်ဇင်းလွတ်လပ်ခွင့်များအားရရှိစေမည့် ပုံနှိပ်မီဒီယာဥပဒေသစ်ကိုပြဋ္ဌာန်းရန်ပဲဖြစ်ပါတယ်"ဟု ဦးကျော်ဆန်းက ဆက်လက်ပြောဆိုသည်။

၎င်းဥပဒေသစ်အတွက် အစိုးရအနေနှင့် ၂၀၀၈ ကတည်းက ဒေသဆိုင်ရာ မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပြီးလက်ရှိအခြေအနေတွင်မူကြမ်းရေးဆွဲလျက်ရှိရာယခုကွန်ဖရင့်မှ ရရှိချက်များကို ဒုတိယမူကြမ်းတွင် ထည့်သွင်းသွားမည်ဟုလည်း ဆိုသည်။ ဝန်ကြီးအဆိုအရ တတိယအဆင့်တွင်မူ မီဒီယာဥပဒေသစ်အရ လွတ်လပ်မှုနှင့်တာဝန်ယူမှုတို့ကို သဟဇာတဖြစ်စွာ ကျင့်သုံးနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကမီဒီယာများအား ပံ့ပိုးကူညီသွားမည်ဟုဆိုသည်။ အဆိုပါကွန်ဖရင့်တွင်ပင် ပြန်ကြားရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်ဦးရဲထွဋ်ကလည်း မီဒီယာပြုပြင်ပြောင်းလဲရေးအတွက် 'နှစ် လမ်းသွား မဟာဗျူဟာ' ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောဆိုသွားသည်။

"ဦးစွာအားဖြင့် ပုံနှိပ်မီဒီယာဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ပြင်ဆင်ခြင်းနဲ့ ဒုတိယအားဖြင့်ကတော့ မီဒီယာဝန်းကျင်သစ်အတွက် ပြင်ဆင်သည့်အနေဖြင့်တဖြည်းဖြည်းလျော့ချမှုများပြုလုပ်သွားရန်" ဟု ဦးရဲထွဋ်၏ Power point ဖြင့် တင်ပြဆွေးနွေးမှုတွင်ဖော်ပြပါရှိသည်။ ၎င်းတို့အစိုးရအနေဖြင့် လွန်ခဲ့သော နှစ် ၅၀ အတွင်းက 'အလွန်အကျွံ' ဖြစ်မှုများကို ရှောင်ကြဉ်လိုကြောင်းလည်း ကွန်ဖရင့်တွင် ပြောဆိုသွားသည်။ ဦးရဲထွဋ်၏ ဆွေးနွေးချက်များတွင် မြန်မာ့မီဒီယာလောကဖြစ်ပေါ်ပြောင်းလဲမှုများအား ဖြစ်စဉ်အလိုက် တင်ပြဆွေးနွေးထားသည်။

၁၉၆၂ စစ်အာဏာသိမ်းပြီးနောက် တသွေး-တသံ-တမိန့်တည်ဆောက်မှုမှာ နိုင်ငံရေးတွင်သာမက အခြား လူမှုရေးကဏ္ဍ အသီးသီး လည်းပါဝင်ခဲ့ပြီး ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဥပဒေ ပြဋ္ဌာန်းခဲ့သည်။ ထိုစဉ်က စာပေစိစစ်ရေးသို့ ကြိုတင်ခွင့်ပြုချက်တောင်းရန်မလိုသေးဘဲ ထုတ်ဝေပြီး မိတ္တူ လေးခုသာ တင်ပြခဲ့ရာမှ ၁၉၆၄ခု နှစ်တွင်မှမထုတ်ဝေမီကြိုတင်ခွင့်ပြုချက် တောင်းခံရသည့်အနေအထားသို့ ပိုမိုတင်းကြပ်လာခဲ့သည်။ မူလက နိုင်ငံရေးစာပေသာခွင့်ပြုချက်တောင်းခံရန်လိုအပ်ပြီး ၁၉၇၇ တွင်မူ မည်သည့်စာပေအမျိုးအစားမဆို စိစစ်ရေးသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံ၍ထုတ်ဝေရတော့သည်။

ယခုမူကြမ်းရေးဆွဲထားသည့် ပုံနှိပ်မီဒီယာဥပဒေသစ်အားနိုင်ငံတော်ရှေ့နေချုပ်ရုံးမှ သုံးသပ်အကြံပြုချက်များ ပြုထားပြီးဒုတိယမူကြမ်းတွင် UNESCO ကျွမ်းကျင်သူများနှင့် ဤကွန်ဖရင့်မှ ထွက်ရှိချက်များလည်း ထည့်သွင်းသွားမည်ဟု ဦးရဲထွဋ်ကတင်ပြဆွေးနွေးသွားသည်။ စာနယ်ဇင်းသမားများနှင့် အခြားသက် ဆိုင်သူများထံမှ အကြံဉာဏ်များလည်း ဝန်ကြီးဌာနကရယူထားပြီးဖြစ်သည် ဟုဆိုသည်။

အဆိုပါ မီဒီယာဥပဒေသစ် ပြဋ္ဌာန်းပြီးပါက ၁၉၆၂ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများဥပဒေကိုလည်း ဖျက်သိမ်းပစ်ပြီး မည်သည့် စာနယ်ဇင်းမျှ စိစစ်ရေးသို့ ကြိုတင် တင်ပြရန်မလိုတော့ဟုဆိုသည်။ ၎င်းတွင် အပါတ်စဉ်ဂျာနယ် ၂၁၂ စောင်၊ လစဉ်မဂ္ဂဇင်း ၁၈၉ စောင်နှင့် အခြားအမျိုးအစား ၅၃၂ မျိုးလည်း အကြုံးဝင်မည်ဟုဆိုသည်။

အဆိုပါ ကွန်ဖရင့်သို့ ပြည်တွင်းနှင့် နိုင်ငံတကာ မီဒီယာများမှ ကိုယ်စားလှယ်ပေါင်း ၁၅၀ ကျော်တက်ရောက်ကြပြီး အစိုးရတာဝန်ရှိသူများအပြင် နိုင်ငံခြားနှင့် မြန်မာစာနယ်ဇင်းသမားများလည်း ပါဝင်ဆွေးနွေးခဲ့ရာ ဦးကျော်မင်းဆွေ (The Voice)၊ ဦးကိုကို (ရန်ကုန် မီဒီယာ)တို့လည်း ဦးဆောင်ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဂ်ါနေ့အစီအစဉ်တွင်လည်းနိုင်ငံခြားစာနယ်ဇင်းသမားများနှင့် ပညာရှင်များအပြင် မြန်မာစာနယ်ဇင်းသမားများဖြစ်ကြသည့် မောင်ဝံသ (ပြည်သူ့ခေတ်)၊ ဦးစိုးမြင့် (မဇ္ဈိမ)၊ ရဲနိုင်မိုး (မီဒီယာသင်တန်းဆရာ)တို့လည်း ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

စာမျက်နှာ ၄ မှ

နေ လက်ရှိ in service တို့၊ အဲလိုမျိုးဘက်ကနေ ဖြစ်လာတဲ့အမတ်တွေဟာ မဖြေကြဘူးညီမလေး၊ မဖြေတဲ့အတွက်အမတို့လည်း မေးရတာအခက်အခဲရှိပါတယ်။ အဲဒီအတွက် အတိုက်အခံပါတီလို့ အမပြောတဲ့ဟာက လက်ရှိဆိုရှယ်လစ်စနစ်ကနေ မူဝါဒပြောင်းခဲ့တာဘယ်သူတွေက အတိုက်အခံပြုခဲ့ကြတာလဲ၊ အဲဒီအတွက် ဝန်ကြီးဌာနတခုမှာ ဝန်ကြီးတယောက်နဲ့မေးတဲ့အခါမှာ ဘတ်ဂျက်ကိစ္စကို ကျယ်ကျယ်လောင်လောင် အော်နေတယ်လို့ အမက မေးရပါတယ်။ အမကစာနယ်ဇင်းသမား၊ သတင်းသမားဆိုတဲ့အတွက် မေးတဲ့နေရာမှာ ကွဲကွဲပြားပြားမေးရပါတယ်။ အဲဒီသဘောနဲ့ သုံးနှုန်းခြင်းသာဖြစ်ပါတယ်။"

Hot News ဂျာနယ်ရဲ့ အယ်ဒီတာချုပ်လည်းဖြစ်တဲ့ ဒေါ်ဟေမာခေါ်မမပြောခဲ့တာပါရှင်။ ရှေ့ဘဏ္ဍာနှစ်တွင်းဝန်ကြီးဌာနတွေကိုဘတ်ဂျက်ဖြတ်တာတွေနဲ့ပတ်သက်လို့ သတ္ထုတွင်းဝန်ကြီးဌာနကလည်း အပတ်စဉ်ထုတ် The Voice Journal ကို မမှန်မကန်ရေးသားတဲ့ အတွက် ဆိုပြီး တရားစွဲဆိုထားတာတွေလည်း ရှိပါတယ်။

သတင်းတိုထွာဖတ်စရာ

ကုလမှ စုံစမ်းစစ်ဆေးဖို့လို

မြန်မာစစ်တပ်မှ မုဒိမ်းကျင့်မှုများအပါအဝင် လူ့အခွင့်အရေးဖောက်ဖျက်မှုများ ပြုလုပ်နေတဲ့ တိုင်းရင်းသားဒေသများမှာ ကုလသမဂ္ဂမှ ကွင်းဆင်းစုံစမ်းမှု မပြုသမျှ လူ့အခွင့်အရေးချိုးဖောက်မှုများကို တိကျမှန်ကန်တဲ့ စုံစမ်းစစ်ဆေးမှုများမဖြစ်နိုင်ဘူးလို့ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ Human Rights Watch စာထုတ်ဝေဖန်လိုက်သည်၊ (Bloomberg-21 March-2012)

စစ်ဖိနပ်ဇာတ်က နိုင်ငံပဟုတ်ဇတ္ထု

မြန်မာနိုင်ငံသည် စစ်ဗိုလ်ချုပ်ကြီးများ လူပါးဝလုပ်ချုပ်နေတဲ့ စစ်ဖိနပ်အောက် ပြားပြားမှောက်နေရတဲ့ နိုင်ငံမဟုတ်တော့ကြောင်း အရပ်သားအစိုးရတက်လာပြီး တိုးတက်ပြောင်းလဲနေပြီဖြစ်ကြောင်း ရန်ကုန်ရှိ ထိုင်းကုန်သွယ်ရေးရုံးခွဲတာဝန်ခံဒါဂိုက်တာ Prajuab Supinee မှ ထိုင်းလုပ်ငန်းရှင် သူဌေးကြီးများကို ရှင်းလင်းပြောဆို လှုံ့ဆော်နေရတယ်လို့ Bangkok Post သတင်းစာက ဆိုပါတယ်။ (BP-19 March-2012)

စည်းကမ်းမရှိသူများ သတိထား

လူကူးမျဉ်းကြားမှ လမ်းဖြတ်မကူးသူများကို ဖမ်းဆီးပြီး ဒဏ်ကြေးပေးဆောင်ခိုင်းပါတယ်။ စည်းမဲ့ ကမ်းမဲ လမ်းဖြတ်ကူးသူများကို ဖမ်းပြီး တယောက်ကို ဒဏ်ကြေး ၂၂၀၀ ကျပ်ပေးဆောင်ခိုင်းပါတယ်။ စီမံချက်ခေါင်းစဉ်တပ်ပြီး မီး ပွိုင့်တွေမှာစောင့်ဖမ်းနေတာဖြစ်ပါတယ်။ ရန်ကုန် ဆူးလေ၊ မြေနီကုန်းလှည်းတန်းနဲ့ ရွှေဂုံတိုင်မီးပွိုင့်တွေမှာ စောင့်ဖမ်းတာများပါတယ်။ မိမိမှာ ပိုက်ဆံ ၂၂၀၀ မပါရင်တော့ ဒုက္ခရောက်သွားနိုင်တယ်လို့ မြို့ခံတချို့က လှောင်ပြောင်ဝေဖန်ကြပါတယ်။ လမ်းဖြတ်ကူးမှုအပြင် ကွမ်းတံထွေး စည်းကမ်းမဲ့စွာထွေးခြင်း အမှိုက်ပစ်တာတွေကိုလည်း ဖမ်းဆီးဒဏ်ကြေးပေးဆောင်စေပြီး ပညာပေးလုပ်သွားမယ်လို့ဆိုပါတယ်။(VOB-21 March-2012)

အနာဂါတ်လှုပစေမယ့် မျှော်လင့်ချက်

အနှစ် ၅၀ ကျော် အထီးကျန်ဘဝနဲ့ စစ်အာဏာရှင်အုပ်ချုပ်ခဲ့တဲ့ မြန်မာနိုင်ငံဟာ မနှစ်က အရပ်သားအစိုးရ သမတဦးသိန်းစိန် တက်လာပြီးနောက် ပိုင်း တိုးတက်မှုတစုံတရာဖြစ်ထွန်းခဲ့ပါတယ်။ အနုပညာသမားတွေ သတင်းစာသမားတွေ အတိုက်အခံနိုင်ငံရေးသမားတွေ လွတ်လပ်မှုအနည်းငယ်ရရှိလာခဲ့မှုဟာ မြန်မာလူထုနဲ့ နိုင်ငံတကာကို အံ့အားသင့်စေပါတယ်။ လာမယ့် ဧပြီလ ၁ ရက်ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ အနာဂါတ်လှုပစေမယ့် ကြီးမားတဲ့ မျှော်လင့်ချက်ဖြစ်တယ်လို့သုံးသပ်ကြပါတယ်။ (CBCNews-21 March-2012)

ရွေးကောက်ပွဲကို စောင့်ကြည့်ကြမည်

လာမယ့် ဧပြီလကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာ ကြီးကြပ်ပေးဖို့ ဦးသိန်းစိန်အစိုးရရဲ့ ဖိတ်ခေါ်ချက်အရ ဩစတြေးလျားနိုင်ငံမှ အဖွဲ့ဝင် ၅ ဦးပါဝင်တဲ့အဖွဲ့ကို စေလွှတ်မှာဖြစ်တယ်လို့ ဩစတြေးလျား နိုင်ငံခြားရေးဝန်ကြီး Bob Carr မှ ပြောပါတယ်။ ဩစတြေးလျား အစိုးရမှလည်း အခုကျင်းပမယ့် ရွေးကောက်ပွဲကို လွှတ်လပ်ပြီး တရားမျှတမှုရှိဖို့နဲ့ ပွင့်လင်းရိုးသားဖို့ကိုလည်း ဦးသိန်းစိန်အစိုးရကို တိုက်တွန်းပြောဆိုထားတာလည်းရှိပါတယ်။ ဥရောပနဲ့ အမေရိကားမှလည်း ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့တွေလာရောက်ကြမယ်လို့ဆိုပါတယ်။ (AFP-23 March-2012)

ထူးခြားတဲ့ သင်္ကြန်သံချပ်များ

ဒီနှစ်သင်္ကြန်မှာ မန္တလေးမြို့ရှိ အထင်ကရ လူရွှင်တော်တွေဟာ သင်္ကြန်သံချပ်များကို တည်ထွင်ရေးစပ်နေတယ်လို့ဆိုပါတယ်။ နာမည်ကြီး လူရွှင်တော်များဖြစ်ကြတဲ့ ဦးပေါစိန်၊ ကိုဒီပါ၊ ဦးမြတ်သာ၊ ဦးချစ်စရာ၊ ဦးထင်ပေါ်၊ တက်တိုး၊ မိတ်ဆက်၊ ပါပါလေး၊ လူမော်နဲ့ အခြားလူရွှင်တော်တွေ စုစည်းပြီး ထူးခြားပြောင်မြောက်တဲ့ သင်္ကြန်ရိုးရာ သံချပ်များ၊ ခေတ်ကို သရော်ထားတဲ့ သံချပ်များကို တည်ထွင်ဖန်တီးထားတယ်လို့ဆိုပါတယ်။ သင်္ကြန်အလှပြကားတွေနဲ့ မြို့တွင်းလှည့်လည်ဖျော်ဖြေကြမယ်လို့သိရပါတယ်။ (VOB-18 March-2012)

ကြံ့ဖွံ့ ဥပဒေချိုးဖောက်

စစ်ကိုင်းတိုင်းအတွင်း ရွာတရွာမှ ဒေသခံများကို ကြံ့ဖွံ့တ်မှ သူရဲ့စည်းရုံးရေးအစည်းအဝေးသို့ အတင်းအဓမ္မတက်နားထောင်ခိုင်းစေတဲ့အပြင် ဒေသတွင်းစာသင်ကျောင်းအတွက် ဒေါ်လာ ၄၄၀ နဲ့ညီမျှတဲ့ ကျပ်ငွေကို လှူဒါန်းခဲ့တယ်လို့ဆိုပါတယ်။ တကယ်လို့ ရွေးကောက်နိုင်မယ်ဆိုပါက နောက်ထပ် ငွေများကို ထပ်လှူမယ်လို့ ရွေးကောက်ပွဲဥပဒေနဲ့မညီတဲ့ လုပ်ရပ်များလုပ်နေတယ်လို့ ကျန် အတိုက်အခံအဖွဲ့မှ စွပ်စွဲထားသည်။ (AFP-19 March-2012)

သမတ ဥပဒေချိုးဖောက်

အစိုးရဝန်ထမ်းတဦးသည် (သမတအပါအဝင်) ရွေးတောက်ပွဲဝင်ပါတီအတွက်မဲဆွယ်ခြင်းသို့ ကိုယ်စားပြုခြင်းမရှိရဟူသော ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေရှိသော်လည်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ သမတဦးသိန်းစိန်မှ တောင်သူလယ်သမားများကို သင်တို့အလိုကို ကျွန်တို့ဖြည့်စည်းပေးခဲ့ပြီ၊ အခုကျွန်တို့အလိုကို သင်တို့ တုန့်ပြန်ရန် အလှည့်ဖြစ်သည်ဟု သဘောသက်ရောက်တဲ့ အာဏာကို အလွဲသုံးစားပြုရာရောက်တဲ့ စကားဆိုခဲ့ကြောင်း ပြည်တွင်းသတင်းစာတဆောင်မှ ဖော်ပြချက်ကို ကိုးကားပြီး အဲန်အယ်လ်ဒီ ထောက်ပြပြောဆိုလိုက်သည်၏(Irrawaddy-19 March-2012

ကချင်ပြည်နယ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်လက်ကျူးလွန်နေ

VOA၊ မတ် ၂၀ ။ ။ မြန်မာအစိုးရစစ်တပ်တွေဟာ ကချင်ပြည်နယ်ဘက်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်ကျူးလွန်နေပြီး လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တွေ မရောက်နိုင်အောင်လည်း ပိတ်ဆို့တားဆီးနေတယ်လို့ Human Rights Watch လို့ခေါ်တဲ့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောလိုက်ပါတယ်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့က FCCT နိုင်ငံခြား သတင်းထောက်များအသင်းမှာ အင်္ဂါနေ့လုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း HRW တာဝန်ရှိသူတွေက အဲဒီလိုပြောလိုက်တာပါ။

လူမသိသေးတဲ့ ဘေးဒုက္ခများလို့ဆိုရမယ့် Untold Miseries လို့အမည်ပေးထားတဲ့ စာမျက်နှာ ၈၃ မျက်နှာပါ အစီရင်ခံစာ အသစ်တခုကို HRW အဖွဲ့က အင်္ဂါနေ့မှာ ထုတ်ပြန်လိုက်ပြီး ကချင်ပြည်နယ်ဘက်မှာဖြစ်ပျက်နေတဲ့အခြေအတွေကို အသေးစိတ်ဖော်ပြထားတာပါ။

မြန်မာအစိုးရက ဖော်ဆောင်နေတယ်ဆိုတဲ့ ပြုပြင်ပြောင်းလဲရေးတွေဟာ ကချင်ပြည်နယ်ဘက်ဆီတော့ မရောက်သေးဘူးလို့ HRW က ဆိုပြီး ကချင်လူမျိုးစုလက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ KIA နဲ့ တိုက်ခိုက်နေတဲ့ မြန်မာအစိုးရစစ်တပ်တွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျူးလွန်နေဆဲဖြစ်တယ်လို့ HRW က ဝေဖန်ပြစ်တင်လိုက်တာလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တစုံတရာအပြောင်းအလဲတွေ ဖြစ်ကောင်းဖြစ်နေနိုင်ပေမဲ့ မြန်မာအစိုးရစစ်တပ်က မတရားပြုမူလုပ်ဆောင်နေတာတွေ ဟာ ကချင်ပြည်လို လူမျိုးစုတိုင်းရင်းသားဒေသတွေမှာ ကိုလိုနီခေတ်လွန်နောက်ပိုင်းကတည်းက ဖြစ်နေခဲ့တာတွေနဲ့ အတူတူ ဆက်ဖြစ် နေဆဲပါပဲလို့ HRW အဖွဲ့ရဲ့ အာရှဒေသဆိုင်ရာ ဒုတိယညွှန် ကြားရေးမှူး Phil Robertson က ပြောပါတယ်။

"ဒီကနေ့အစီရင်ခံစာမှာရှင်းရှင်းလင်းလင်းပြောထားတဲ့ အချက်တခုကတော့ မြန်မာအစိုးရစစ်တပ်ဟာ ပဋိပက္ခဖြစ်နေတဲ့ဒေသတွေမှာ အရပ်သားတွေအပေါ် ဆိုးရွားတဲ့လူ့အခွင့်အရေးချိုးဖောက် မှုတွေဆက်ကျူးလွန်နေတုန်းပဲဆိုတာပါ။ သူတို့ရဲ့ထိန်းချုပ်မှုအောက်မှာမရှိဘဲ ပြည်တွင်းမှာ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူတွေအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တွေကို မြန်မာ အစိုးရစစ်တပ်က ဆက်ပြီးထိန်းချုပ်ထားဆဲ တားဆီးပိတ်ဆို့ထားဆဲပါ ပဲ။" လို့ Phil Robertson က ပြောပါတယ်။

အခုလို လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ဖြစ်နေတဲ့ကြားကပဲ မြန်မာအစိုးရက လုပ်နေတယ်ဆိုတဲ့ ပြုပြင်ပြောင်းလဲရေးတွေကို အလွယ်တကူပဲ ခပ်မြန်မြန်အသိအမှတ်ပြုခဲ့ကြတဲ့ အရှေ့တောင်အာရှနိုင်ငံတွေအပါအဝင် နိုင်ငံတကာကိုလည်း HRW က ဝေဖန် ပြောဆိုခဲ့ပါသေးတယ်။

HRW အဖွဲ့ရဲ့ အခုအစီရင်ခံစာကို ကချင်အရေးလုပ်ဆောင်နေကြတဲ့ တခြားအဖွဲ့အစည်းတွေနဲ့ ပူးတွဲလုပ်ဆောင်ပြုစုခဲ့တာဖြစ် ပြီး အဲဒီဒေသမှာ ဘေးဒုက္ခအမျိုးမျိုး ကိုယ်တိုင်ကြုံတွေ့ခဲ့ကြရတဲ့ ကာယကံရှင်တွေနဲ့ တွေ့ဆုံမေးမြန်းထားတာတွေကို လူပုဂ္ဂိုလ်တွေရဲ့နာမည်တွေ အခင်းဖြစ်ခဲ့တဲ့နေရာတွေအပါအဝင် အသေးစိတ် ဖော်ပြထားပါတယ်။ မြန်မာအစိုးရစစ်တပ်ဟာ ကလေးငယ်တွေအပါအဝင် အပြစ်မဲ့ရွာသူရွာသားတွေကို ပစ်ခတ်သတ်ဖြတ်တာ၊ တရားလက်လွတ် ဖမ်းဆီးပြီး နှိပ်စက်ညှဉ်းပန်းတာ၊ အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်တာ၊ မုဒိန်းကျင့်တာ၊ ဒေသခံတွေကို အထမ်းသမားပေါ်တာတွေအဖြစ် အတင်းအကျပ်စုဆောင်းပြီး စစ်တပ်ပစ္စည်းတွေကို သယ်ယူခိုင်းတာ၊ ရွာတွေကို မီးရှို့ဖျက်ဆီးတာ စတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဖော်ပြထားပါတယ်။ အဲဒီဒေသမှာ တိုက်ပွဲတွေစဖြစ်ကတည်းကဆိုရင် သူတို့သိထားသလောက် အရပ်သား ၇၅,၀၀၀ လောက်ဟာ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရပြီလို့ ဆိုပါတယ်။

ဒါ့အပြင် မြန်မာအစိုးရစစ်တပ်ရော၊ KIA အဖွဲ့ရောဟာ ကလေးစစ်သားတွေကို စုဆောင်းအသုံးပြုနေဆဲ၊ လူတွေ သေကျေ ဒဏ်ရာရစေတဲ့ မြေမြှုပ်မိုင်းဗုံးတွေကို အသုံးပြုနေဆဲပဲလို့လည်း HRW အဖွဲ့ရဲ့ လေ့ကျင့်ရေး သုတေသနနဲ့ လှုံ့ဆော်စည်းရုံးရေးဆိုင်ရာ တာဝန်ရှိသူ Matthew Smith က ပြောပါတယ်။

"ပဋိပက္ခမှာပါဝင်နေတဲ့ နှစ်ဘက်စလုံးဟာ လူကို အန္တရာယ်ဖြစ်စေတဲ့ မိုင်းဗုံးတွေကို အမြောက်အများ အသုံးပြုနေကြသလို ကလေးစစ်သားတွေကိုလည်း နှစ်ဘက်စလုံးက အသုံးပြုနေပါတယ်။မြန်မာစစ်တပ်ဟာ အသက် ၁၄ နှစ်လောက်ထိငယ်တဲ့ ကလေးငယ်တွေကို စစ်သားအဖြစ် အတင်းအကျပ် စုဆောင်းအသုံးပြုနေပြီး KIA အဖွဲ့က အဲဒီလို အတင်းအကျပ်စုဆောင်းနေတုန်းပဲလားဆိုတာ အတည်မပြုနိုင်ပေမဲ့ အသက် ၁၈ နှစ်အောက် လူငယ်တွေကို စစ်သားအဖြစ်လက်ခံနေတုန်းပဲ ဆိုတာကတော့ အထောက်အထားတွေရှိပါတယ်။" လို့ Matthew Smith က ပြောပါတယ်။

ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ရဲ့ နိုင်ငံခြားရေး ဒုတိယတာဝန်ခံဗိုလ်မှူးကြီးဂျိမ်းမ်စ်လွန်းဒေါင်ကတော့ အသက် ၁၈ နှစ် အောက်ကလေးတွေကို စစ်သားအဖြစ် စုဆောင်းတာမရှိဘဲ အသက် ၁၈ နှစ်အထက်တွေကိုသာ စစ်သင်တန်းပေးနေတယ်လို့ ဗွီအိုအေကို ပြောပါတယ်။

"လက်နက်ကိုင်နေတဲ့သူတွေက ၄၅ နှစ်အထက်ဆိုလို့ရှိရင် သူတို့က တိုက်ရည်ခိုက်ရည်ရှိတဲ့ လူငယ်တွေဖြစ်တယ်။ ဒီတော့ကာလွန်ခဲ့တဲ့ အချိန်တွေတုန်းကတော့ ရှိရင်ရှိမှာပေါ့နော်။ ကျနော်တို့ တော်လှန်ရေးအဖွဲ့တိုင်းမှာ အဲဒါတွေကတော့ အခြေအနေအရ သုံးတဲ့နေရာရှိရင်ရှိမယ်။ ပြောနေကြတယ်၊ ဗမာ့တပ်မတော်မှာလည်းပဲ ဒီနေ့ ၇ သောင်းကျော် ရှိနေတယ်လို့ပြောတယ်။

ဒါတွေကတော့ပြောတာပေါ့။ လက်တွေ့ဆိုရင်တော့ ဒါတွေက သွားကြည့်ပြီးတော့မှ အဲဒါ သက်သေသာဓကပြနိုင်မယ်၊ မှန်ကန်တယ်၊ ဒီနေ့ထက်ထိလည်း ရှိပါသေးတယ်ဆိုတာ ရှိရမှာပေါ့နော်။ လက်တွေ့မှာတော့ ကျနော်တို့က အသက် ၁၈ နှစ်အပေါ်မှာသာ သင်တန်းပေးနေပါတယ်။"

ပဋိပက္ခမှာပါဝင်ပတ်သက်နေတဲ့ ဘက်နှစ်ဘက်စလုံးအနေနဲ့အရပ်သားတွေနဲ့ အရပ်သားပိုင်ပစ္စည်းတွေ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းအားဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတွေကို လေးစားလိုက်နာပါလို့ မြန်မာအစိုးရကိုရော KIO အဖွဲ့ကိုပါ HRW က အကြံပေးတိုက်တွန်းထားပါတယ်။

ပြက္ခဒိန်မှ

မတ် ၂၁ ၊ Irrawaddy ။ ။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် သော့ချက်အဖြစ် ဆက်လက်တည်ရှိနေကြောင်း Kim Jolliffe မှ သတင်းဝေဖန်၏။

မတ် ၂၁ ၊ Mizzima ။ ။ ပျောက်ဆုံးနေသော ကချင်အမျိုးသမီး Sumulut Roi Ja (28) အမှုကို တရားလိုကိုသော်ငင်း၊ တရားလိုရှေ့နေများကိုသော်ငင်း အသိမပေးဘဲ ဆုံးဖြတ်ချက်ချခဲ့ကြောင်း။

မတ် ၂၁ ၊ CHRO,DVB ။ ။ မြန်မာစစ်သားများသည် လူတထောင်ခန့်တက်ရောက်နေသော ခရစ်ယာန်ဆွေးနွေးပွဲတွင်းသို့ဝင်ကာ ချင်းအမတ်များကို သေနတ်ဖြင့် ခြိမ်းချောက်ခဲ့ကြောင်း။

မတ် ၂၂ ၊ Rtrs ။ ။ အမြတ်ကြီးသည့် ရေနံသဘာဝဓါတ်ငွေ့ ဓါတ်ဆီစသည့် လောင်စာဆီမှ ဝင်ငွေများတွင် အစိုးရသည် မပွင့်လင်းသေးကြောင်း Arakan Oil Watch စသည့် လှုပ်ရှားသူအဖွဲ့များမှဆို၏။

မတ် ၂၂ ၊ Nation ။ ။ မြန်မာရွေးကောက်ပွဲ ပွင့်လင်းမှုသည် အကန့်အသတ်မရှိထိုက်ဟု မိမိအဖွဲ့ဝင် ၂ ဦးနှင့်အတူ မြန်မာမှ အနှင်ခံခဲ့ရသော Asian Network For Free Elections (ANFREL) မှ Somsri Hananuntasuk မှဆို၏။

မတ် ၂၂ ၊ AsiaOne ။ ။ ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဇပြီ ၁ ရွေးကောက်ပွဲအပြီး မြန်မာသို့သွားရန် စဉ်းစားကြောင်း။

မတ် ၂၂ ၊ IRIN ။ ။ မြန်မာသည် ကုလအကူဖြင့် ခလေး ၆ သန်းကျော်အား ဝက်သက်ကာကွယ်ဆေးထိုးပေးမည်။

မတ် ၂၂ ၊ Irrawaddy ။ ။ မွန်ပြည်သစ်ပါတီ (NMSP) သည် ကျောင်း ၁၀၀ ခန့်အား ပြည်သူလူထုလက်ထဲသို့ မွန်ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးစံများ သင်ကြားထိန်းသိမ်းစေနိုင်ရန် တာဝန်လွှဲအပ်နှင်းခဲ့၏။

မတ် ၂၂ ၊ Irrawaddy ။ ။ မြန်မာတွင် ရေနံနှင့်သယံဇာတပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးလာလေလေ လာဘ်စားမှုတိုးလာမှာ စိုးရိမ်ရကြောင်း Arakan Oil Watch မှ သတိပေး၏။

မတ် ၂၂ ၊ Mizzima ။ ။ ထိုင်းမှ Home Mart အိမ်ဆောက်ပစ္စည်း လက်လီလက်ကား ကွင်းဆက်ဆိုင်များ မြန်မာတွင် ယခင်အပတ်မှ ပထမအကြိမ် စတင်ဖွင့်လှစ်၏။

မတ် ၂၂ ၊ Mizzima ။ ။ သမတဦးသိန်းစိန်၏ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားခရီးစဉ်သည် ချစ်ကြည်ရေးအပြင် ပိတ်ပင်မှု စိုင့်ရှင်များနှင့်လည်း သက်ဆိုင်နိုင်ကြောင်း။

မတ် ၂၃ ၊ AFP ။ ။ တိုက်ပွဲများဖြစ်ခဲ့သည့် ကချင်ပြည်နယ် မဲဆန္ဒနယ် ၃ ခုတွင် ရွေးကောက်ပွဲများကိုလုံခြုံရေးအကြောင်းပြု၍ ရက်ရွှေ့လိုက်၏။

မတ် ၂၃ ၊ Nation ။ ။ လာအိုနှင့်မြန်မာတို့သည် မဲခေါင်ဖြစ်ကိုဖြတ်၍ ချစ်ကြည်ရေးတံတားတခုတည်ရန် မြန်မာသမတဦးသိန်းစိန် လာအိုသို့ ရောက်စဉ် နှစ်နိုင်ငံသဘောတူခဲ့ကြောင်း။

မတ် ၂၃ ၊ KL ။ ။ မလေးရှား၏ 6P အစီအစဉ်အရ တရားမဝင်ပြည်တွင်းဝင်လာသူ ၃၂၉၃၃၆ ဦးအနက် မြန်မာမှ ၆၃၄၂ ဦးပါကြောင်း။

မတ် ၂၃ ၊ KL ။ ။ မြန်မာ၏ ဒီမိုကရေစီသို့ ပြောင်းလဲမှုခရီးစဉ်တွင် အာဆီယံ၏ ကြိုးပမ်းမှုကို ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းမှချီးမွမ်း၏။

မတ် ၂၄ ၊ Bernama ။ ။ မလေးဆယ်ကျော်သက်တဦးနှင့်အတူ ပြန်ပေးဆွဲခံခဲ့ရသည့် မြန်မာဆယ်ကျော်သက် ၅ ဦးတို့သည် ဘန်ကောက်တွင် ထိုင်းရဲမှ ကယ်ဆယ်ပြီးနောက် Shah Alam သို့ရောက်လာ၏။

မတ် ၂၃ ၊ WSJ ။ ။ မြန်မာ၏ ရွေးကောက်ပွဲ သုံးသပ်စိစစ်ရန် ဖိတ်ခေါ်မှုသည် အချို့အတွက် မလုံလောက်ကြောင်း။

မတ် ၂၃ ၊ FT ။ ။ မိမိတို့သည် ရွေးကောက်ပွဲ စောင့်ကြည့်သူများဖြစ်ခဲ့ရုံသက်သက်ဖြင့် အပြည့်အဝ တရားဝင်စောင့်ကြပ်ကြည့်သူဟုမဆိုနိုင်ဟု အနောက်တိုင်းသံများမှဆို၏။

မတ် ၂၃ ၊ Asahi Shimbun ။ ။ အရပ်သားအစိုးရအသွင်သို့ ပြောင်းနေသော မြန်မာအစိုးရသည် ဒီမုကေရစီပြုပြင်ပြောင်းလဲမှုများ တိုင်းရင်းစည်းလုံးညီညွတ်ရေး အောင်မြင်မည် မအောင်မြင်မည်ကိုပြောရန် စောသေးကြောင်း လွတ်လာသူ တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် လက်တွေ့ဆွေးနွေးဘူးသော ဗိုလ်ချုပ်ဟောင်းခင်ညွန့်မှဆို၏။

မတ် ၂၃ ၊ Irrawaddy ။ ။ မြန်မာသည် ဘက်စုံ ဖွံဖြိုးတော့မည်ဖြစ်ရာ ခရီးသည်လုပ်ငန်း၏ကွင်းဆက်အဖြစ် ပြည့်တန်ဆာလုပ်ငန်းလည်း တိုးပွားလာမည်ဖြစ်ရာ အနာဂတ်ဘဝပျက်စေနိုင်သဖြင့် စေတနာမှန် ကျွမ်းကျင်သူများအား နေရာမှန်ခန့်အပ်၍ လမ်းမှန်ရွေးချယ် ကျင့်သုံးရန် ကျွမ်းကျင်သူများမှ အကြံပြုကြောင်း David Paquette မှ သတင်းဝေဖန်၏။

မတ် ၂၃ ၊ Irrawaddy ။ ။ မန္တလေး မဟာမြတ်မုနိဘုရားအနီးတွင် နိုင်ငံရေးအကျဉ်းကျဟောင်း အရှင်ဦးဝိရသူအမှူးပြု၍ လူ ၅၀၀ ခန့် နိုင်ငံရေးအကျဉ်းသားများအတွက် ဆန္ဒပြပွဲကျင်းပ၏။

မတ် ၂၃ ၊ Irrawaddy, Mizzima ။ ။ ပြည်သူ့လှုပ်ရှားမှုအဖွဲ့များသည် ရွေးကောက်ပွဲ ကြည့်ကြပ်စိစစ်ရေးကွန်ယက် ဖွဲ့စည်းကာ မိမိတို့လိုရပ်ကွက်ဌာနေနှင့် ဒေသဆိုင်ရာ စောင့်ကြပ်သောအဖွဲ့များကိုပါ နိုင်ငံတကာ စောင့်ကြပ်အဖွဲ့များနည်တူ ခွင့်ပြုလက်ခံရန် အာဏာပိုင်များသို့ တောင်းဆို၏။

မတ် ၂၃ ၊ Mizzima ။ ။ အလုပ်လက်မဲ့ပျောက်ရေးကြိုးပမ်းမည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ မိမိ၏မဲဆန္ဒနယ်ဖြစ်သော ကော့မှူးမြို့နယ် ဒေသခံများသို့ဆို၏။ စတုတ္ထအကြိမ် မဲဆွယ်တရားမဟာမိ သံယာများအား ဆွမ်းကပ်ခဲ့၏။

မတ် ၂၃ ၊ DVB ။ ။ စစ်ဖိနပ်အောက်တွင်မဟုတ်တော့သောကြောင့် သတ္တိရှိရှိ ယုံကြည်ရာကို မဲပေးကြရန် NDF အမျိုးသားဒီမိုကရက်တစ်တပ်ဦးမှ ခေါင်းဆောင် ဦးခင်မောင်ရွှေမှ ကချင်ပြည်နယ်မဲဆွယ်တရားဟောခဲ့၏။

မတ် ၂၄ ၊ RFA ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံက် မြိတ်မြို့သို့ရောက်ရှိရာ သိန်းချီလူထုမှကြိုဆို၏။

မတ် ၂၄ ၊ RFA ။ ။ ဖဒိုမန်းငြိမ်းမောင်အား မဲဆောက်တွင် ပြည်တောင်စု ငြိမ်းချမ်းရေးဖေါ်ဆောင်ရေးအဖွဲ့ မြန်မာအစိုရ မီးရထားဝန်ကြီး ဦးအောင်မင်းမှ ကေအဲန်ယူသို့ ပြန်လည်လွှဲအပ်ပေး၏။

ရွေးကောက်ပွဲ မတရားလုပ်ဆောင်ချက်များအပေါ် အဖွဲ့ချုပ် ကြည်ချက်ထုတ်ပြန်

Mizzima၊ မတ် ၁၉ ။ ။ ဖေဖြေလ ၁ ရက်နေ့တွင်ကျင်းပမည့် ကြားဖြတ် ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာချိန်တွင်ရွေးကောက်ပွဲဆိုင်ရာမတရားလုပ်ဆောင်ချက်များ ပိုမိုများပြားလာပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ထိခိုက်စေနိုင်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က တနလ်ာနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

NLD ရွေးကောက်ပွဲ ဗဟိုအောင်နိုင်ရေးအဖွဲ့၏ အဆိုပါ ထုတ်ပြန်ကြေကြာချက်တွင် စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်း အတွင်းရွေးကောက်ပွဲဆိုင်ရာမသမာမှုများကြောင့် "လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ပေါ်ရေးကို ထိခိုက်စေနိုင်ကြောင်းထုတ်ပြန်ကြေညာလိုက်သည်" ဟုဖေါ်ပြထားသည်။

စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ် စမြင်ကျေးရွာအုပ်စုတွင်ကြံ့ခိုင်ရေးပါတီ၏ ကိုယ်စားလှယ်လောင်း ဒေါက်တာဆန်းဝင်းမှ ကျေးရွာလူထုကို မတ်လ ၁၆ ရက်နေ့တွင် သူ၏ပါတီ အစည်းအဝေးသို့ တအိမ်တယောက် မတက်မနေရတက်ရောက်ရန် အမိန့်ပေးဖိတ်ကြားခြင်းရှိသည်ဟု NLD မှစွပ်စွဲထားပြီး NLD ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဒေါက်တာဆန်းဝင်းက ပုတ်ခတ်ပြောဆိုမှုများရှိသည်ဟု ထုတ်ပြန်ချက်ထဲတွင်ဖေါ်ပြထားသည်။

ထို့အပြင် ရွေးကောက်ပွဲကော်မရှင်မှ မတ်လ ၃၀ နှင့် ၃၁ ရက်နေ့များတွင်သာ ကြိုတင်မဲကောက်ယူရန် ညွှန်ကြားထားသော်လည်း တနင်္သာရီတိုင်း လောင်းလုံမြို့နယ်တွင် ကြိုတင်မဲများ ကောက်ယူနေသည်ဟု အဆိုပါကြေညာချက်တွင်ဖေါ်ပြထားသည်။

ကြေညာချက်အရ နေပြည်တော်ဥတ္တရသီရိမြို့နယ်တွင်လည်း NLD ၏ ကိုယ်စားလှယ်လောင်းဦးမင်းသူ၏ တနင်္ဂနွေနေ့ မဲဆွယ်စည်းရုံးမှုအတွင်း သစ်သားချွန်ဖြင့် ပစ်ခတ်မှုကြုံခဲ့ရပြီး လုံခြုံရေးအဖွဲ့ဝင် အမျိုးသမီးတဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

NLD က ထုတ်ပြန်သည့် မတ်လ ၁၆ ရက်နေ့က ကြေညာချက်တွင်လည်း ရန်ကုန်တိုင်း ကော့မှူးမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းတွင် ရွာပေါင်း ၅၄ ရွာမှ သေဆုံးပြီးသူ ၄၁၃ ယောက် ပါဝင်နေခြင်း၊မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်တွင် မတ်လ ၅ ရက် နေ့အထိ မဲဆန္ဒရှင်အရေတွက် ထုတ်ပြန်ပေးမှုမရှိသေးခြင်းများဖြစ်ပေါ်နေသည်ဟုဖော်ပြပါရှိသည်။ ထိုဖြစ်ရပ်များအပြင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ရှမ်းရေကျော် ကျေးရွာတွင်လည်း NLD ရုံးအတွင်း စိုက်ထူထားသော အလျား ၆ ပေ၊ အနံ ၄ ပေရှိ မဲဆွယ်ပိုစတာကြီး သုံးချပ်၊ မဲပေးနည်း ပိုစတာတချပ်၊ စုစုပေါင်း လေးချပ်တို့အား မတ်လ ၁၆ ရက်နေ့က ချွန်ထက်သည့် အရာဖြင့် လိုးဖြတ်ထားမှု ကြုံခဲ့ရသည်ဟု မြောင်းမြမြို့နယ် NLD ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီဝင်ဦးဝင်းရွှေက မဇ္ဈိမကိုပြောသည်၊

"ဖျက်တာက ဦးမန်းကျော်နိုရဲ့ပုံကို ထွင်းလိုးသွားတယ်။ ပိုစတာ တိုင်းမှာ ဦးမန်းကျော်နိုရဲ့ပုံကို ထွင်းလိုးတာပေါ့။ မဲပေးနည်းလမ်းညွှန်မှာက ဦးမန်းကျော်နိုဆိုတဲ့ပိုစတာနဲ့ အလယ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမှတ်အသားနဲ့ နောက်က ကွက်လပ်ထဲမှာ အမှန်ခြစ်ပြထားတာပေါ့။ အဲဒီမှာ ဦးမန်းကျော်နိုဆိုတဲ့ စာသားကို လိုးထုတ်သွားတယ်" ဟုပြောသည်။

အဆိုပါဖြစ်ရပ်ကို မြောင်းမြမြို့နယ် မြို့မရဲစခန်းတွင် တနင်္ဂနွေနေ့က အမှုဖွင့်တိုင်ကြားထားရာ ရဲစခန်းက အမှုအမှတ် ပ/၇၄ ဖြင့် လက်ခံထားပြီး ရှမ်းရေကျော်ရွာသို့သွားရောက်စစ်ဆေးနေပြီဟုလည်း "ဟုတ်ပါတယ်ခင်ဗျာ၊ ကျနော့်အမှုစစ် ခုပဲ ဆင်းသွားပါပြီခင်ဗျာ" ဟု မြောင်းမြမြို့မစခန်းမှူး ဦးစိန်ဝင်းက မဇ္ဈိမကို ပြောသည်။

ယင်းကဲ့သို့သော ဖြစ်ရပ်မျိုး နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် မောင်းရမ်းရွာတွင်လည်း မတ်လ ၁၂ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့ပြီး မန္တလေးတိုင်း ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးတိုက်ခိုက်သည့် စာရွက်ငယ်များဖြန့်ဝေမှုများရှိခဲ့သည်။

မြန်မာ စာနယ်ဇင်းသမဂ္ဂ ယာယီ ဖွဲ့စည်းလိုက်သည်

RFA၊ မတ် ၁၉ ။ ။ မြန်မာစာနယ်ဇင်းသမဂ္ဂ (ယာယီ) ကို အဖွဲ့ ၅ ခုနဲ့ ဒီကနေ့ဖွဲ့စည်းလိုက်ပါတယ်။ မူဝါဒရေးဆွဲရေးအဖွဲ့၊ သတင်းပြန်ကြားရေးအဖွဲ့၊ စည်းရုံးရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့ ရုံးအဖွဲ့စတဲ့ အဖွဲ့ ၅ ဖွဲ့နဲ့ ရန်ကုန်က ယုဇနဟိုတယ်မှာဖွဲ့စည်းလိုက်တာပါ။

မြန်မာစာနယ်ဇင်းသမဂ္ဂ ပေါ်ပေါက်ရေးအတွက် ဒီအဖွဲ့ ၅ ဖွဲ့က ကြိုးပမ်းသွားမယ်လို့ ဘဏ္ဍာရေးအဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးဇော်သက်ထွေးကပြောပါတယ်။

"လောလောဆယ်ကျနော်တို့ကတော့ မြန်မာစာနယ်ဇင်းသမဂ္ဂ ပေါ်ပေါက်ရေးအတွက်ကို ဒီအဖွဲ့ကကြိုးပမ်းသွားမှာပါ။ တကယ်လို့ mass meeting ခေါ်ပြီး elected နဲ့လုပ်ပြီးရင်တော့ ဒီအဖွဲ့ဟာ ဖျက်သိမ်းပြီးသားဖြစ်သွားပါတယ်။ ဒီအဖွဲ့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးရင် mass meeting ခေါ်နိုင်မှာပါ။"

စာနယ်ဇင်းသမဂ္ဂရဲ့ဖွဲ့စည်းပုံကို မူဝါဒရေးဆွဲရေးဆွဲရေးအဖွဲ့ကတာဝန်ယူမှာဖြစ်ပါတယ်။ မူဝါဒရေးဆွဲရေးအဖွဲ့မှာ အေဝီ သတင်းထောက် ဒေါ်အေးအေးဝင်း၊ Weekly Eleven ဂျာနယ်က ဦးဝေဖြိုး၊ အလင်းတန်းဂျာနယ်က ဦးမျိုးမြင့်ငြိမ်း၊ တက်လမ်းဂျာနယ်က ဦးချစ်ဝင်းမောင်တို့ ပါဝင်ပါတယ်။

စာနယ်ဇင်းသမဂ္ဂရဲ့ မူဝါဒတွေထဲ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်နဲ့ စာနယ်ဇင်းသမားတွေရဲ့ အခွင့်အရေးကို ကာကွယ်ဖို့ဆိုတဲ့ အချက် ၂ ချက်ပါဝင်တယ်လို့ ဦးဇော်သက်ထွေးက ပြောပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနရဲ့ ငွေကြေးအလှဲသုံးစားမှုအကြောင်းရေးသားလို့ The Voice ဂျာနယ်ကို တရားစွဲဆိုမယ်လို့ အစိုးရသတင်းစာမှာဖော်ပြတာနဲ့ပတ်သက်လို့စာနယ်ဇင်းသမဂ္ဂရဲ့ မူဝါဒနဲ့ဆက်စပ်နေတာကြောင့် ဒီအကြောင်းနဲ့ပတ်သက်လို့ အဖွဲ့တွင်းဆွေးနွေးမှုတွေ စတင်နေပြီလို့လဲ ဦးဇော်သက်ထွေးက ပြောပါတယ်။

မြန်မာစာနယ်ဇင်းသမဂ္ဂ (ယာယီ) ရဲ့ နောက်တကြိမ်အစည်းအဝေးကို လာမယ် မတ် ၂၄ ရက်နေ့မှာ ထပ်မံပြုလုပ်မယ်လို့ သိရပါတယ်။

အစိုးရလုပ်ရပ်တချို့ ပွဲစည်းပုံအခြေခံဥပဒေနဲ့ မကိုက်ညီဟု ဦးရွှေမန်းထောက်ပြ

Mizzima၊ မတ် ၂၃ ။ ။ သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့၏ လုပ်ဆောင်ချက် အချို့သည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် မညီကြောင်း အောက်လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ထောက်ပြ ပြောဆိုလိုက်သည်။ ထို့ကြောင့် အခြေခံဥပဒေနှင့် အညီလုပ်ဆောင်ရန် သောကြာနေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ကာ ဦးရွှေမန်း က တိုက်တွန်းလိုက်သည်ဟု လွှတ်တော်တက် အမတ်များက မဇ္ဈိမကို ပြောသည်။

အစိုးရအဖွဲ့တခုလုံး လစာခံစားခွင့် လျော့ပယ်ခြင်း၊ အစိုးရပင်စင်စားများကို လစာတိုးမြှင့်ပေးခဲ့ခြင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းစသည့်လုပ်ဆောင်ချက်များတွင်ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ရယူခြင်း မရှိခဲ့ဟုဦးရွှေမန်း၏သဝဏ်လွှာတွင်ပါရှိကြောင်း လွှတ်တော်အမတ်ဦးဖုန်းမြင့်အောင်က ပြောပြပါသည်။

"ဒီကိစ္စတွေက အစိုးရအဖွဲ့မှာ သူဟာသူ လုပ်ပိုင်ခွင့်မရှိဘူး။ ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီး သဘောတူညီချက်ယူပြီးတော့မှ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့လုပ်ပိုင်ခွင့်ရှိတယ်။ အဲဒီကိစ္စကိုဖွဲ့စည်းပုံနဲ့ အညီလုပ်ဖို့ အစိုးရကို တိုက်တွန်းတာ" ဟု မဇ္ဈိမကို ပြောသည်။ဦးရွှေမန်း၏ အဆိုပါသဝဏ်လွှာကို "ပြည်ထောင်စုလွှတ်တော်က အတည်ပြုတယ်။ အဲဒါကို အစိုးရအဖွဲ့က ပြန်လည်ပြုပြင်ပြီး လွှတ်တော်ကိုတင်ပြဖို့ ကျနော်တို့ လွှတ်တော်က တိုက်တွန်းတယ်ပေါ့ဗျာ"ဟု လည်းလွှတ်တော်အမတ်ဒေါက်တာအေးမောင်က မဇ္ဈိမကိုပြောသည်၊

ဦးသိန်းစိန်သည် သမ္မတရာထူးလက်ခံရယူသည့် ၂၀၁၀ မတ်လ ၃၀ ရက်နေ့ မိန့်ခွန်းတွင် "လစဉ်ခရီးမြှင့်ငွေကိုနိုင်ငံတော်၏လက်ရှိအခြေအနေ၊ နိုင်ငံတော်၏ ငွေရေးကြေးရေးအခြေအနေနဲ့ နိုင်ငံသားများ၏အကျိုးကို ရှေးရှုသောအားဖြင့် မိမိတို့ခံစားခွင့်မပြုဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဗဟိုအဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ခံစားခဲ့သောလစဉ်ထောက်ပံ့ငွေအတိုင်းသာ ခံစားသွားရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

သမ္မတ၏ အဆိုပါ လုပ်ဆောင်ချက်သည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါပုဒ်မ ၆၉ တွင်ပါရှိသည့် "နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများသည် ဥပဒေဖြင့် သတ်မှတ်ထားသည့် လစာ စရိတ်နှင့်အဆောင်အယောင်များရရှိစေရမည်။ သင့်တင့် လျောက်ပတ်သည့် အိမ်တော်တဆောင်စီကိုလည်းရရှိစေရမည်" ဟူသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိဟုလည်း လွှတ်တော်အမတ်များက မဇ္ဈိမကိုပြောသည်။

ယင်းအပြင် ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် နိုင်ငံ့ဝန်ထမ်းပင်စင်စားများ၏ လစာတိုးမြှင့်ပေးခဲ့ရာတွင်လည်း လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း မရှိသောကြောင့် ဖွဲ့စည်းပုံအခြေခံနှင့် မညီဟု လွှတ်တော်အမတ်များကပြောသည်။ထိုစဉ်အခါကနိုင်ငံ့ဝန်ထမ်းပင်စင်စားများ၏ လစာတိုးမြှင့်ပေးအမိန့်ကို ဘဏ္ဍာရေးဝန်ကြီးဦးလှထွန်းမှ လက်မှတ်ထိုးထားပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏အစည်းဝေးအမှတ်စဉ် ၁၂/၂၀၁၁ ဆုံးဖြတ်ချက်အရ လစာတိုးပေးရန် ဆုံးဖြတ်ခြင်းဟု ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၁ ဖြင့် ထုတ်ပြန်ခဲ့သည်။

သူရဦးရွှေမန်းထောက်ပြသည့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုကော်မရှင်ဖွဲ့စည်းမှုကို ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြေညာချက်အမှတ် ၃၄/၂၀၁၁ ဖြင့် ထုတ်ပြန်ကြေညာခြင်းဖြစ်ပြီး အဆိုပါအမိန့်ကိုပြည်ထောင်စုအစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မျိုးကြည်မှ လက်မှတ်ထိုးထားသည်။

"အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဗဟိုအဖွဲ့အစည်းမှာ ထည့်တာ ဒါက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီမှုမရှိဘူး" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂ကို ကိုးကား၍ ဒေါက်တာအေးမောင်က မဇ္ဈိမကို ပြောသည်။ အခြေခံဥပဒေပုဒ်မ ၂၀၂ အရ "နိုင်ငံတော် သမ္မတသည်ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့်ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် ဝန်ကြီးဌာနများကို ပြင်ဆင်သတ်မှတ်ခြင်း ဖြည့်စွက်ခြင်း ပြုနိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။ အစိုးရအဖွဲ့နှင့် လွှတ်တော်အကြား အထက်ဖော်ပြပါကွဲလွဲချက်များကို ဇူလိုင် ၂၃ ရက်နေ့မှာ ညှိနှိုင်းဖွယ်ရှိပြီး အောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ရပ်လုံး ထိုနေ့တွင် ကျင်းပနိုင်ရန်ခေါ်ယူထားသည်ဟု သိရသည်။ နေပြည်တော်တွင် ဇန်နဝါရီလ ၂၆ ရက်နေ့ကတည်းက စတင် ကျင်းပနေသည့် လွှတ်တော်အရပ်အရပ် အစည်းအဝေးများကို ခေတ္တရပ်ဆိုင်းလိုက်ကြောင်း သိရသည်။

စာမျက်နှာ ၈ မှ

ဒါ သက်သက်လုပ်တဲ့ သဘောပါ" ဟု ဖားကန့်မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအင်အားစု NDF လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်ဘောက်ဂျာက မဇ္ဈိမကိုပြောသည်။

မိုးကောင်းမြို့နယ်တွင် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါက်တာတူးဂျာကလည်း ၎င်း၏ မဲဆန္ဒနယ်တွင် လုံခြုံရေးအတွက် စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း၊ ရွေးကောက်ပွဲဖျက်သိမ်းခြင်းနှင့် ပတ်သက်၍လည်း မြို့နယ်ကော်မရှင်မှ ၎င်းထံ အကြောင်းကြားလာခြင်း မရှိသေးကြောင်းပြောသည်။

"ဒီမှာက စိုးရိမ်စရာဘာမှမရှိပါဘူး။ လုံခြုံရေး စိုးရိမ်လောက်တဲ့ အခြေအနေတော့ မရှိဘူး။ အခုကတော့ မဲ ရုံအခြေအနေတွေကတော့ တည်ငြိမ်အေးချမ်းမှုရှိပါတယ်။ ကျနော်ကတော့ ဒီလိုပဲ နေရုံပဲပေါ့ဗျာ။ ဘာမှ မတတ်နိုင်တော့ဘူး။ အာဏာပိုင်တွေလုပ်တဲ့ အလုပ်ဆိုတော့ လည်း ကျနော့်အနေနဲ့ ဘာမှ မတတ်နိုင်ဘူး။ ဒီလိုပဲ နေရုံရှိတယ်" ဟု မဇ္ဈိမကိုပြောသည်။

ကော်မရှင်မှ ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိဟု ကြေညာခဲ့သည့် ဖားကန့်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဗန်းမော်မြို့နယ်များအနက် ဖားကန့်မြို့တွင် မဲရုံပေါင်း ၇၁ ရုံ၊ မိုးကောင်းမြို့တွင် မဲရုံပေါင်း ၆၅ ရုံ တို့ကို ရွေးကောက်ပွဲကျင်းပနိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ပြင်ဆင်ပြီးဖြစ်သည်ဟုလည်းသိရသည်။

ဖားကန့်မြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD၊ ကြံ့ခိုင်ရေးပါတီ၊ NDF ပါတီနှင့် မိုးကောင်းမြို့နယ်တွင် NLD၊ ကြံ့ခိုင်ရေး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ NDF ပါတီတို့မှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်ထားကြခြင်းဖြစ်သည်။

ရွေးကောက်ပွဲ စောင့်ကြည့်ရေး ကွန်ယက် ၈၈ မျိုးဆက်များဦးဆောင်ဖွဲ့စည်း

Mizzima၊ ဗဟို ၂၃ ။ ။ ရွေးကောက်ပွဲ အားနည်းချက်အားသာချက်များကို လေ့လာနိုင်ရန် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များပါဝင်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုကွန်ယက်အဖွဲ့ကို သောကြာနေ့တွင် ဖွဲ့စည်းလိုက်သည်ဟု ၈၈ မျိုးဆက်ကျောင်းသူ မမီးမီးက မဇ္ဈိမကို ပြောသည်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှု ကွန်ယက်အဖွဲ့သည် မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲဝင်ပါတီများ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၏ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များကို လေ့လာကာ အားနည်းချက်၊ အားသာချက်များကို စိစစ်၍ သတင်းထုတ်ပြန်သွားမည်ဟုလည်း မမီးမီး က ပြောသည်။

"ရွေးကောက်ပွဲမှာ မဲပေးတဲ့လူတွေရဲ့ အားနည်းချက်၊ ကော်မရှင် အဖွဲ့ခွဲတွေရဲ့ အားနည်းချက်၊ မဲဆွယ်စည်းရုံးတဲ့ ပါတီတွေရဲ့အားနည်းချက်၊ အားသာချက်တွေကို ကျမတို့ အသေအချာ လေ့လာပြီးတော့ သတင်းထုတ်ပြန်သွားမှာဖြစ်ပါတယ်။ နောင်လာမယ့် ၂၀၁၅ရွေးကောက်ပွဲမှာ လေ့လာနိုင်အောင်လို့ အားနည်းချက်၊ အားသာချက်တွေကို ရှာဖွေလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟုမမီးမီးကပြောသည်။

ကွန်ယက်အဖွဲ့အနေဖြင့် ရွေးကောက်ပွဲကျင်းပရာဒေသများတွင် အဖွဲ့ဝင်များ ထားရှိမည်ဖြစ်ပြီး မဲဆန္ဒရှင်များ၏ အတွေ့အကြုံများအပေါ် လေ့လာသွားမည်ဟုလည်း ကွန်ယက်၏ သောကြာနေ့ ထုတ်ပြန်ချက်တွင် ဖေါ်ပြထားသည်။

"ရွေးကောက်ပွဲတွင် လွတ်လပ်သော အရပ်ဖက် လူအဖွဲ့အစည်းတရပ် အနေဖြင့် ဘက်လိုက်မှု ကင်းသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုများကိုပြုလုပ်သွားမည်ဖြစ်သည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုများကို မဲပေးပိုင်ခွင့်ရှိသူ ပြည်လူထု၏ သဘောထားများအား အဓိကအခြေခံကာ လုပ်ဆောင်သွားမည်" ဟု ပါရှိသည်။

ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများနှင့်လည်း ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ရယူဖလှယ်၍ လုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ထားသည်။မင်္ဂလာတောင်ညွန့်မြို့နယ်မှဝင်ရောက်ယှဉ်ပြိုင်မည့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ ဥက္ကဋ္ဌ ဦးသုဝေက ကျင်းပတော့မည့် ရွေးကောက်ပွဲအတွင်း မဲစာရင်းမှားယွင်းနေ မှုများကိုရည်ညွှန်းကာ ယခုကဲ့သို့ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာမှုကွန်ယက်အဖွဲ့ ပေါ်ပေါက်လာသည်မှာ ကောင်းမွန်သည့် လက္ခဏာတရပ်ဟု မဇ္ဈိမကို ပြောသည်။

"စောင့်ကြည့်ဖို့ကောင်းတယ်။ ဘာဖြစ်လို့ စောင့်ကြည့်ဖို့ကောင်းလဲဆိုတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လွတ်လပ်ပြီးတ ရားမျှတဖို့ပြောပေမယ့် အောက်ခြေမှာက တရားမမျှတမှုတွေဖြစ်နိုင်တဲ့ အလားအလာတွေတွေ့နေရတယ်။ အဲဒါကြောင့် စောင့်ကြည့်တဲ့လူများလေ ကောင်းလေပါပဲ" ဟု ဦးသုဝေ က ပြောသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ ပြောခွင့်ရ ဦးဟန်ရွှေကလည်း...

"ရွေးကောက်ပွဲ အတွက်တော့ ဘယ်သူပဲဖြစ်ဖြစ်ပါ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲဖြစ်မဖြစ်၊ တရားမျှတမှုဖြစ်အောင် အားလုံးတာဝန်ယူ ဆောင်ရွက်ကြမယ်၊ လုပ်ကြမယ် ဆိုတာကတော့ကောင်းတဲ့သဘောထားပဲ ဖြစ်ပါတယ်၊ ကောင်းတဲ့ လုပ်ဆောင်ချက်ပဲဖြစ်ပါတယ်။ ကျနော်တို့ လက်ခံပါတယ်" ဟု မဇ္ဈိမကို ပြောသည်။

ကွန်ယက်အဖွဲ့ဝင်များ ကိုယ်တိုင်မဲဆန္ဒနယ်များအတွင်း လေ့လာ စောင့်ကြည့်သွားမှာ ဖြစ်သလို ပြည်တွင်းဂျာနယ်များ၊ အွန်လိုင်းမီဒီယာများ၏သတင်းဖေါ်ပြချက်များကိုလည်းလေ့လာကာ သတင်းထုတ်ပြန်သွားမည်ဟု ကြေညာ ချက်ထဲတွင် ဖေါ်ပြထားသည်။

အဆိုပါ ကွန်ယက်အဖွဲ့တွင် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များဖြစ်ကြသည့် ဦးကိုကိုကြီး၊ မမီးမီး၊ ကိုလှမျိုးနောင် တို့အပြင် Generation Wave မှ ကိုအံ့ဘွယ်ကျော်တို့လည်း ပါဝင်သည်။ ဇူလိုင် ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် စောင့်ကြည့်လေ့လာနိုင်ရန် အမေရိကန်၊ ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်များ၊ သတင်းထောက်များကို မြန်မာအစိုးရမှ ဖိတ်ခေါ်ထားသည်။ ထိုသို့ဖိတ်ခေါ်မှုအား "ကြိုဆိုရမည့် ခြေလှမ်းတရပ်" ဖြစ်ကြောင်း အမေရိကန်အစိုးရ ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။

အာဆီယံ ပါလီမန်အမတ်များနှင့် သတင်းထောက်များကိုလည်း ရွေးကောက်ပွဲတွင်လေ့လာစောင့်ကြည့်နိုင်ရန်မြန်မာအစိုးရက ဖိတ်ခေါ်ထားသည်သည်၊ သို့သော် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့်အာရှလွတ်လပ်သော ရွေးကောက်ပွဲများ လေ့လာစောင့်ကြည့်ရေးကွန်ယက် ANFREL အမှုဆောင် ဒါရိုက်တာ Somsri Hananuntasuk နှင့်အဖွဲ့ကိုမူ အာဏာပိုင်များက လက်မခံဘဲ အဂါနေ့က မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွါသွားစေခဲ့သည်။

ကချင် စစ်ပြေးဒုက္ခသည်အခြေအနေ ဆိုးဝါးနေဆဲ

RFA၊ ဗဟို ၂၃ ။ ။ ကချင်ပြည်နယ်က သောင်းနဲ့ချီတဲ့ စစ်ပြေး ဒုက္ခသည်တွေဆီကို အကူအညီတွေရောက်ရှိနိုင်ရေးအတွက် ကုလသမဂ္ဂက ကြိုးပမ်းဆောင်ရွက်နေကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာကူညီရေးအဖွဲ့အကြီးအကဲ Valerie Amos က ပြောပါတယ်။

အစိုးရတပ်နဲ့ KIA ကြား ပြီးခဲ့တဲ့နှစ်၊ ဇွန်လက စတင်ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကြောင့် အိုးအိမ်စွန့် ထွက်ပြေးခဲ့ကြရတဲ့ ဒုက္ခသည်ပေါင်းငါးသောင်းခွဲလောက် ရှိနေပါတယ်။ ဒုက္ခသည်တွေကို ကူညီဖို့ ကုလသမဂ္ဂက ကြိုးစားခဲ့ရာမှာ အစိုးရအနေနဲ့ ပြီးခဲ့တဲ့ ဒီဇင်ဘာလက တကြိမ်ပဲ ဝင်ခွင့်ပြုခဲ့ပါတယ်။ ဆက်လက်ကူညီခွင့်ရဖို့ မိမိတို့ကြိုးစားနေပေမယ့် အခုထိ မအောင်မြင်သေးကြောင်း၊ ဒါပေမဲ့ မဆုတ်မနစ် ကြိုးစားသွားမှာဖြစ်ကြောင်း၊ အကူညီလိုအပ်နေသူတွေဆီကိုလိုအပ်တဲ့ အကူညီတွေရောက်ဖို့အလွန်အရေးကြီးကြောင်းလည်း Amos ကပြောပါတယ်။

နယူးယောက်အခြေစိုက် HRW လူ့အခွင့်အရေးအဖွဲ့ရဲ့ အဆိုအရ ကချင်ဒုက္ခသည်ဦးရေ အနည်းဆုံး ခုနစ်သောင်းခွဲလောက်ရှိပြီး လေးသောင်းခွဲလောက်က KIA ထိန်းချုပ်ရာ နယ်မြေအတွင်း၊ တသောင်းလောက်က တရုတ်ပိုင်နက်ထဲ ရောက်သွားခဲ့ကြပြီးတော့ နှစ်သောင်းက အစိုးရထိန်းချုပ်တဲ့နယ်မြေအတွင်းရောက်ရှိကြတယ်လို့ဆိုပါတယ်။

HRW လူ့အခွင့်အရေးအဖွဲ့ဟာ ကချင်ဒုက္ခသည်တွေရှိရာ တရုတ်ပြည်နယ်စပ်ကို နှစ်လတာ သွားရောက်ခဲ့ပြီး အခြေအနေတွေကို လေ့လာစုံစမ်းခဲ့ပါတယ်။ ဒုက္ခသည်တွေရဲ့ နေထိုင် စားသောက်ရေး အခြေအနေတွေ အလွန်ဆိုးရွားနေပြီး အကူအညီတွေ အသည်းအသန် လိုအပ်နေတဲ့အတွက် ကုလသမဂ္ဂအနေနဲ့ အကူအညီတွေရောက်ရှိနိုင်ဖို့ ပိုပြီးဖိအားပေးဆောင်ရွက်ဖို့လိုကြောင်း HRW က တိုက်တွန်းဆော်သြခဲ့ပါ တယ်။

ဒေါ်အောင်ဆန်းစုကြည်ကို မြတ်မြို့နယ် လူထုမှ သောင်းသောင်းဖျဖျကြိုဆိုကြ

RFA ၊ မတ် ၂၄ ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ မနက်ပိုင်းက မြိတ်မြို့ကို လေကြောင်းခရီးနဲ့ရောက်ရှိသွားပြီး သိန်းနဲ့ချီတဲ့ ဒေသခံပြည်သူတွေကကြို ဆိုခဲ့ကြကြောင်း သတင်းရရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မြိတ်မြို့မှာ ခေတ္တရပ်နားပြီး ရွေးကောက်ပွဲဝင်မယ့် ကျွန်းစုဘက်ကို စက်လေ ၇ စီးနဲ့ ဆက်လက်ထွက်ခွာသွားကြောင်း ဒေသခံတစ်ဦးဖြစ်တဲ့ ကိုထွန်းအေးက ပြောပြပါတယ်။

စခန်းသစ်၊ ကံမော်၊ ကျွန်းစု စတဲ့ကျွန်းတွေကို သွားဖို့ စီစဉ်ထားပေမယ့် စခန်းသစ်ကျေးရွာကိုသာ သွားရောက်နိုင်ပြီး ဒီကနေ့ ညနေ မြိတ်မြို့ကို ပြန်လာနေတယ်လို့ သိရပါတယ်။

မနက်ဖြန် မနက်ပိုင်းမှ ကျွန်းစုမြို့ကို သွားရောက်ဖို့စီစဉ်ထားတယ်လို့ ဒေသခံ အန်အယ်ဒီအဖွဲ့ဝင်တွေက ပြောပါတယ်။ မူလကအမြန်နှုန်းမြင့် လွန်းပြန်စက်လေတွေနဲ့သွားဖို့ စီစဉ်ထားပေမယ့်ဒေသခံကြံ့ခိုင်ဖွံဖြိုးရေးနဲ့ အာဏာပိုင်တွေက ဖိအားပေးတဲ့အတွက် စက်လေပိုင်ရှင်တွေက မငှားရဲကြဘူးလို့ သိရပါတယ်။

ဒီကနေ့ ညနေ ၆ နာရီလောက်မှာပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးဟာ အင်္ဂပူမြို့နယ်၊ ထူးကြီးကျေးရွာ ရုံးသစ်ဖွင့်ပွဲကို တက်ရောက်ပြီး လူထုကို စကားပြောကြားခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်တဦးဝင်ရောက်ယှဉ်ပြိုင်မယ့် ဧရာဝတီတိုင်း၊ မြန်အောင်မြို့ကို အသွားမှာ အခုလို ထူးကြီး အန်အယ်ဒီရုံးဖွင့်ပွဲကို တက်ရောက်နေတာ ဖြစ်ပါတယ်။

ထူးကြီးရုံးဖွင့်ပွဲမှာ တက်ရောက်ပြီး လူထုကို စကားပြောကြားရာမှာ လွန်ခဲ့တဲ့ အုပ်ချုပ်ရေးခေတ်က အကြောက်တရား လွှမ်းမိုးခဲ့ကြောင်း၊ အခုအခါ အသင့်အတင့် ပွင့်လင်းလာပြီဖြစ်ကြောင်း၊ ပြည်သူလူထုအနေနဲ့ ကြောက်ရွံ့မနေကြပဲ၊ တိုင်းပြည် ပြောင်းလဲရေးအတွက် ဆက်လက် ကြိုးပမ်းသွားရမှာ ဖြစ်ကြောင်း နာယက ဦးတင်ဦးကထည့်သွင်းပြောကြားခဲ့ပါတယ်။

ထူးကြီး အပြီးမှာတော့ မြန်အောင်မြို့နယ်အပိုင် အင်ပင်ကျေးရွာကို ဆက်လက်ထွက်ခွာမှာ ဖြစ်ကြောင်း သိရပါတယ်၊ ဒီဒေသဟာ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအမတ် ဧရာဝတီတိုင်း ဝန်ကြီးချုပ် ဦးသိန်းအောင်ရဲ့ အဓိကနယ်မြေဖြစ်တယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

နာယက ဦးတင်ဦးနဲ့အတူ အန်အယ်ဒီ ခေါင်းဆောင်တဦးဖြစ်တဲ့ ဦးလှဖေလည်း လိုက်ပါလာပါတယ်။ အဲဒီနောက် ကြားဖြတ်ရွေးကောက်ပွဲဝင်မယ့် မြန်အောင်မြို့ကို ဆက်လက်ထွက်ခွာမှာဖြစ်ပြီး မြန်အောင်မြို့နယ်မှာတော့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် မြတ်မြို့နယ် မဲဆွယ်စည်းရုံးရေးခရီးစဉ် အဓိကအခဲကြို

VOA၊ မတ် ၂၄ ။ ။ ဒီကနေ့ တနင်္သာရီတိုင်း မြိတ်မြို့ကို ရွေးကောက်ပွဲစည်းရုံးရေး အဖြစ်သွားနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်မှာ အခက်အခဲတွေ ကြုံနေရပါတယ်။ မြိတ်ကျွန်းစုတွေဆီကို သွားဖို့ စီစဉ်ထားပေမဲ့ အမြန်ရေယာဉ် ငှားမရတဲ့အတွက် စီစဉ်ထားတဲ့ ခရီးစဉ်တွေကို ဒီကနေ့ မသွားနိုင်ခဲ့ဘူးလို့ NLD က ပြောပါတယ်။ အခု ဒေါ်အောင်ဆန်းစုကြည် မြိတ်မြို့ကိုရောက်နေတဲ့ နောက်ဆုံး အခြေအနေကိုတော့ မသင်းသီရိက တင်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ တနင်္သာရီတိုင်း မြိတ်မြို့နယ်တွေထဲက ကျွန်းစုတွေဆီ ခရီးသွားနေတာမို့ ဒီခရီးရဲ့အခြေအနေတွေသိဖို့ တညနေလုံး တယ်လီဖုန်းဆက်သွယ်နေပေမဲ့ ဖုန်းခေါ်မရဖြစ်နေတာပါ။ ဒါပေမဲ့ အခု နောက်ဆုံးအသံမလွှင့်ခင် မိနစ်ပိုင်းအတွင်း တယ်လီ ဖုန်းရတဲ့အခါမှာတော့ အခု သူတို့သွားနေတဲ့ မြိတ်ခရီးစဉ်မှာ အဆင်မပြေ ဖြစ်နေတာတွေ ရှိနေတယ်ဆိုတာ သိရတာပါ။

အဓိက ကတော့ ကျွန်းစုတွေဆီကို သွားဖို့ တစ်နာရီကိုအနည်းဆုံး ၂၅ မိုင် လောက်မောင်းနိုင်တဲ့ အမြန်ရေယာဉ်ကိုငှားပေမဲ့ ငှားမရတာကြောင့် ရတဲ့ယာဉ်နဲ့ သွားနေရတာဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ခရီးမပေါက်နိုင်ဘဲ စခန်းသစ်ဆိုတဲ့ ရွာတစ်ခုမှာပဲဒေါ်အောင်ဆန်းစုကြည်က လူထုကို စကားပြောတာ လုပ်နိုင်ခဲ့ပြီး ကျန်တဲ့နေရာတွေကို ဆက်သွားဖို့ အဆင်မပြေတော့လို့ အခု မြိတ်မြို့ကိုလှည့်ပြန်လာနေရတယ်လို့ ဒီခရီးစဉ်မှာ အတူလိုက်ပါသွားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ရေးအရာရှိ ဦးခွန်သာမြင့်က ပြောပါတယ်။

"ကျနော်တို့စီစဉ်ထားတာ မဖြစ်ပါဘူး။ ကျနော်တို့က အစောကြီးကတည်းက တွက်ပါတယ်။ သွားရမယ့်ခရီးနဲ့ ပြန်ရမယ့်ခရီးနဲ့ ဟိုမှာစကားပြောမယ့်အချိန်နဲ့။ အဲဒီတော့ ကျနော်တို့ သွားလို့ရနိုင်မယ့်ရေယာဉ်ကို ရှာပါတယ်။ တွေ့ပါတယ်။ ငှားမယ့်သူကလည်း ငှားမယ်ပြောလိုက်၊ မငှားဘူးပြောလိုက်နဲ့ နောက်ဆုံးကျတော့ တော့်ပြီးတော့မှကျနော်တို့ကို ကပ်ဖြတ်ပါတယ်။ အဲဒီတော့ ရှိတာနဲ့စခန်းတစ်ခုကို သွားပါတယ်၊ စခန်းသစ်ဆိုတာ။ ဒါတောင်မှ ကန်ပေါ်ဆိုတာ နောက်ထပ်မိုင် ၃၀ လောက်သွားရမယ့် လမ်းတစ်ခုကို ကျနော်တို့ ဖြတ်ပြီးတော့ ပြန်လှည့်လာတာပါ၊ အခုထိ ကျနော်တို့ မြိတ်ကို ပြန်မရောက်သေးပါဘူး။"

ဒါ့အပြင် ရေယာဉ် သောင်တင်တာတွေလည်း ကြုံခဲ့ရတယ်လို့ ပြောပါတယ်။ အခု ည ၉ နာရီနီးပါးထိ မြိတ်မြို့ကို ပြန်မရောက် သေးပေမဲ့လည်းနောက်တစ်နာရီနီးပါးအကြာ မြိတ်မြို့ထဲကို ပြန်ရောက်ဖို့ရှိတယ်လို့ ဦးခွန်သာမြင့်က ပြောပါတယ်။ အခု တနင်္သာရီတိုင်းကို ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲမဲဆွယ် စည်းရုံးရေးသွားဖို့စီစဉ်ကတည်းက မြိတ်မြို့မှာ အမြန်ရေယာဉ် ငှားမရတဲ့ ပြဿနာရှိနေတာပါ။ ရေယာဉ်ပိုင်ရှင်တွေကို သွယ်ဝိုက်တဲ့ နည်းတွေနဲ့ ခြိမ်းခြောက်မှုတွေ ရှိနေတာကြောင့် NLD ပါတီကို ရေယာဉ် မငှားရဲကြတာဖြစ်တယ်လို့လည်း NLD ပါတီက ပြောပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲအပြီး ဘန်ကီမွန်း မြန်မာပြည်သွားရန်ရှိ

VOA၊ မတ် ၂၂ ။ ။ မြန်မာအစိုးရကနေ ဧပြီလ (၁) ရက်နေ့ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ လေ့လာ စောင့်ကြည့်ရေးအဖွဲ့တွေလာရောက်ဖို့ ဖိတ်ကြားခဲ့တဲ့အပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း က ကြိုဆိုလိုက်ပြီး သူ့အနေနဲ့လည်း ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်း မြန်မာနိုင်ငံကို သွားရောက်နိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ဒီကနေ့ပြောဆိုလိုက်ပါတယ်။ အာရှခရီးစဉ် သွားရောက်နေတဲ့ မစ္စတာဘန်ကီးမွန်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာ မလေးရှား ဝန်ကြီးချုပ်နဲ့ ပူးတွဲပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း သတင်းထောက် တွေကို အဲဒီလို ပြောကြားလိုက်တာပါ။

မြန်မာနိုင်ငံမှာ ကျင်းပဖို့ရာ ရက်ပိုင်းသာလိုတော့ ကြားဖြတ်ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်ဖို့အတွက် ကုလသမဂ္ဂ အပါအဝင် အရှေ့တောင် အာရှနိုင်ငံများ အသင်း (အာဆီယံ)၊ အမေရိကန်ပြည်ထောင်စုနဲ့ EU ဥရောပသမဂ္ဂက နိုင်ငံတကာ အကဲခတ်တွေလာရောက်ဖို့ကို မြန်မာအစိုးရက ဖိတ်ခေါ်ခဲ့တဲ့အပေါ် နိုင်ငံတကာက ကြိုဆိုခဲ့ ကြသလို အခုနောက်ဆုံး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဘန်ကီမွန်းကိုယ်တိုင်ကလည်း ကြိုဆိုလိုက်တာဖြစ်ပါတယ်။ အာရှ ၄ နိုင်ငံခရီးလှည့်လည်နေတဲ့ မစ္စတာဘန်ကီမွန်းက မလေးရှားနိုင်ငံကွာလာလမ်ပူ မြို့မှာ မလေးရှား ဝန်ကြီးချုပ် နာဂျစ်ရာဇတ်နဲ့ ပူးတွဲပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲအတွင်း သတင်းထောက်တွေကို အခုလိုပြောဆိုခဲ့တာဖြစ်ပါတယ်။

"ဒါဟာ ကြိုဆိုရမယ့် သတင်းကောင်းပါ။ ရွေးကောက်ပွဲဟာ အများယုံကြည်လက်ခံနိုင်ဖို့နဲ့ ပွင်းလင်းမြင်သာမှုရှိစေဖို့ ကုလသမဂ္ဂ အနေနဲ့ သက်ဆိုင်ရာနိုင်ငံတွေ၊ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးသွားမှာပါ။ အခု အခြေအနေဟာ မှန်ကန်တဲ့ လမ်းကြောင်းအပေါ် ရောက်နေပါတယ်။"

ဒါ့အပြင် ဧပြီလ (၁) ရက်နေ့ ကျင်းပမယ့် ရွေးကောက်ပွဲအပြီး သိပ်မကြာခင်မှာပဲ သူ့အနေနဲ့ မြန်မာနိုင်ငံကို သွားရောက်မှာဖြစ်တဲ့အကြောင်းကိုလည်း မစ္စတာဘန်ကီမွန်းက သတင်းထောက်တွေကို ပြောကြားသွားခဲ့ပါတယ်။ မစ္စတာဘန်ကီမွန်းဟာ မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်းဖြစ်ပြီးချိန်က တကြိမ်၊ ၂၀၀၉ ခုနှစ်ကတကြိမ်၊ နှစ်ကြိမ် သွားရောက်ခဲ့ပြီးတော့ တကယ်လို့သာ ကြားဖြတ်ရွေးကောက်ပွဲအပြီး မြန်မာနိုင်ငံကို သွားဖြစ်ရောက် ဖြစ်ခဲ့မယ်ဆိုရင်တော့ ဒါဟာသူ့ရဲ့တတိယမြောက် မြန်မာနိုင်ငံကို သွားရောက်တဲ့ ခရီးစဉ်ဖြစ်လာမှာပါ။

တခါ ရှေ့တပတ်ထဲ မြန်မာနိုင်ငံကို သွားရောက်ဖို့ စီစဉ်ထားတဲ့ မလေးရှားဝန်ကြီးချုပ် နာဂျစ်ကလည်း မြန်မာနိုင်ငံက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်တွေအတွက် သူ့အစိုးရအနေနဲ့ မြန်မာအစိုးရကို အတတ်နိုင်ဆုံး အားပေးတိုက်တွန်းသွားမှာ ဖြစ်တဲ့အကြောင်း ဒီပူးတွဲ သတင်းစာရှင်းလင်းပွဲမှာပဲ သတင်းထောက်တွေကို ပြောဆိုသွားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ကြားဖြတ် ရွေးကောက်ပွဲကျင်းပဖို့ရာ အခုဆိုရင်ကိုးရက်သာ လိုတော့ တာပါ။ ဒီ ကြားဖြတ်ရွေးကောက်ပွဲဟာ ဒါ့အပြင် မြန်မာအစိုးရရဲ့ ရွေးကောက်ပွဲလေ့လာအကဲခတ်ရေးအဖွဲ့တွေ လာရောက်ရေး ဖိတ်ကြားချက်အပေါ် အမေရိကန်ပြည်ထောင်စုကလည်း ကြိုဆိုခဲ့ပြီးတော့ ဒီကြားဖြတ် ရွေးကောက်ပွဲ ဟာ မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေအတွက် အရေးကြီးတဲ့မှတ်တိုင်တခုဖြစ်တယ်ဆိုတာကို မနေ့တုန်းကပဲ ပြောဆိုသွားခဲ့တာပါ။ အလားတူ EU ဥရောပသမဂ္ဂရော၊ အာဆီယံကပါ အားလုံးက ကြိုဆိုနေကြတာဖြစ်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင် တဲ့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ဒီကြား ဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်နေရာ (၄၈) နေရာထဲက (၄၇)နေရာကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ထားပါတယ်။ ၂၀၁၀ ရွေးကောက် ပွဲတုန်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိတဲ့ NLD နဲ့ အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကြား အဓိကပြိုင်ဘက်တွေ ဖြစ်လာကြတော့မှာဖြစ်ပါတယ်။

အခု ဧပြီရွေးကောက်ပွဲ တရားမျှတမှု၊ လွတ်လပ်မှု ရှိမရှိအခြေအနေအပေါ်မူတည်ပြီးတော့ နိုင်ငံတကာ အနေနဲ့ကလည်း မြန်မာနိုင်ငံအပေါ်ထားတဲ့ သဘောထား ပြောင်းလဲဖွယ်ရှိပါတယ်။

ဒီအခြေအနေပေါ်မှာ မြန်မာနိုင်ငံအပေါ် အရေးယူ ပိတ်ဆို့မှုတွေကို ပြန်ရုပ်သိမ်း မသိမ်းဆိုတာကိုလည်း ထည့်တွက်စဉ်းစားမှာ ဖြစ်တယ်လို့ အမေရိကန် ပြည်ထောင်စုရော EU ဥရောပသမဂ္ဂဘက်ကပါပြောထားပါတယ်။ မြန်မာအာဏာပိုင်တွေအနေနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ဘယ်လောက်လက်တွေ့ကျမကျဆိုတာဟာ ဒီရွေးကောက်ပွဲဟာ စမ်းသပ်မှုတရပ် ဖြစ်မယ်လို့ နိုင်ငံတကာကပြောထားပါတယ်။

ရွေးကောက်ပွဲ နိုင်ငံတကာ စံညွှန်းနဲ့ညီဖို့ အမေရိကန်တိုက်တွန်း

RFA၊ မတ် ၂၁ ။ ။ လာမယ့်ဧပြီလ ၁ ရက်နေ့မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့်ကို နိုင်ငံတကာစံချိန်နဲ့ ကိုက်ညီအောင် စီစဉ်ဆောင်ရွက်ဖို့ မြန်မာအစိုးရကို အမေရိကန်ပြည်ထောင်စုက မနေ့က တိုက်တွန်းလိုက်ပါတယ်။

ဒါ့အပြင် သမ္မတဦးသိန်းစိန်ရဲ့ဖိတ်ခေါ်ချက်အရ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို အမေရိကန်အစိုးရက စေလွှတ်မှာဖြစ်တယ်လို့ နိုင်ငံခြားရေးဌာန ပြောခွင့်ရအမျိုးသမီး Victoria Nuland က သတင်းထောက်တွေကိုပြောပါတယ်။

ဒီရွေးကောက်ပွဲစောင့်ကြည့်ရေးကိစ္စကို မြန်မာအစိုးရ အနေနဲ့ နိုင်ငံတကာ စံချိန်စံနှုန်းတွေနဲ့အညီ ကိုက်ညီအောင် အတတ် နိုင်ဆုံး ကြိုးစားဆောင်ရွက်ဖို့ အမေရိကန်အစိုးရက အားပေးတိုက်တွန်းပါတယ်လို့ Victoria Nuland က ပြောသွားပါတယ်။

ဒါ့အပြင် စံနှုန်းပြည့် ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့ဆိုတဲ့ နေရာမှာ ကြိုတင်စီစဉ်ဆောင်ရွက်တာတွေ ရွေးကောက်ပွဲနောက်ပိုင်း ဆက်ပြီးလုပ်ဆောင်ရမှာတွေ အမှန်တကယ် လိုအပ်တယ်လို့လည်း အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရအမျိုးသမီးကဆိုပါတယ်။

စောင့်ကြည့်ရေးအဖွဲ့တွေ ပိုပြီးအားကောင်းဖို့အတွက် အာဆီယံအပါအဝင် အခြားနိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေ နဲ့ အမေရိကန်က ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တယ်လို့လည်း ပြောပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာမယ့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့ထဲမှာ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူ ၂ ဦးနဲ့ သတင်းထောက် ၃ ဦး ပါဝင်မှာဖြစ်ပေမယ့် အမည်စာရင်းတွေကို တရားဝင် ပြောဆိုခြင်းမရှိပါဘူး။

အဲန်အယ်လ်ဒီ မဲဆွယ်စည်းရုံးရေးခရီးစဉ် ကြံ့ဖွံ့ပါတီမှ ကောက်ရိုးပုံမီးရှို့ ပွဲလှန့်

BURMAVJ Media၊ မတ် ၂၁။ ။ လာမည့် ဧပြီလ ၁ ရက်နေ့မှာကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် အမျိုးသားလွှတ်တော်အမှတ် (၃) မဲဆန္ဒနယ် (ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ တန့်ဆည်) မှာ ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းတိုက်နယ်ရှိ နဂါးပေါ် ကျေးရွာသို့ မဲဆွယ်စည်းရုံးရေးဆင်းရာမှာ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လိုက်လံနှောင့်ယှက်ခဲ့သည်ဟု သတင်းရရှိပါသည်။

မတ်လ (၁၉) ရက်နေ့ ညနေ ၄း၀၀ နာရီအချိန်ခန့်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် နဂါးပေါ်ကျေးရွာမှ ရွာသူ၊ ရွာသားများအား စည်းရုံးရေးဟောပြောပွဲအပြီး ကျေးရွာကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင်တယောက်က ဟောပြောပွဲပြုလုပ်တဲ့နေအိမ်ရှိ ကောက်ရိုးပုံကို မီးရှို့လိုက်ပြီး မီးလောင်နေပါတယ်ဟု အော်ကာ ပွဲလှန့် လိုက်သည့်အတွက် ရွာသူရွာသားများ မီးလောင်နေသည့် နေရာသို့ သွားရောက်၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြပါသည်။

နဂါးပေါ်ကျေးရွာ အုပ်ချုပ်ရေးမှူးက အဆိုပါမီးလောင်မှုဟာ NLD အဖွဲ့ဝင်တွေကပစ်လိုက်သည့် ဆေးလိပ်မီးကြောင့် အခုလိုလောင်တာဖြစ်ပြီး အိမ်ရှင်ကို မီးပေါ့ဆမှုနဲ့ဒဏ်ရိုက်ရမည်ဟု ပြောပါသည်။ တကယ်ကောက်ရိုးပုံကိုမီးရှို့လိုက်သည့်လူကိုရပ်ရွာလူတွေကဝိုင်းဖမ်းဆီးသည့်အခါမှာ အဆိုပါပုဂ္ဂိုလ်မှာ ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်လဲဖြစ်ကြံ့ခိုင်ရေးပါတီဝင်တဦးလည်း ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများက နဂါးပေါ်ကျေးရွာ အုပ်ချုပ်ရေးမှူးအား ဒါဟာ မဲဆွယ်စည်းရုံးမှု ဟောပြောပွဲပျက်အောင် တမင်တကာ ရှို့သည့်မီးဖြစ်ခြင်းကြောင်း အဆိုပါကြံ့ခိုင်ရေးပါတီဝင်ကိုသာ ဖမ်းဆီးရမည်ဖြစ်ကြောင်း တောင်းဆိုသည့်အတွက် အဲဒီပုဂ္ဂိုလ်အား ဖမ်းဆီးလိုက်သော်လည်း အချိန်အနည်းငယ်အတွင်းအာမခံနဲ့ ပြန်လွှတ်ပေးလိုက်ကြောင်း သိရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် အမျိုးသားလွှတ်တော် အမှတ် (၃) မဲဆန္ဒနယ် (ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ တန့်ဆည်) မှာ မဲပေးခွင့်ရှိသည့် မဲစာရင်းများအတွင်း သေဆုံးပြီးလူနာမည်များပါဝင်နေခြင်း၊ အသက်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသည့် လူနာမည်များ အများအပြားကျန်ရစ်ခဲ့သည်ဟု NLD စည်းရုံးရေးအဖွဲ့ဝင်တဦးက ဘားမားဗီဂျေ မီဒီယာကို ပြောပါသည်။

NLD စည်းရုံးရေးအဖွဲ့ဝင်တဦးက ...

"ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းဦးတင်မောင်ဝင်းက ကန့်ဘလူမြို့နယ်အတွင်းမှရှိတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးကို ကျေးရွာက ပြည်သူတွေက သူတို့ရဲ့ ဟောပြောပွဲတက်ရောက်အောင် လိုက်လံတိုက်တွန်း နှိုးဆော်ခိုင်းတာမျိုး၊ ဟော ပြောပွဲကျင်းပမည့်နေရာကို စီစဉ်ခိုင်းတာမျိုး ကျနော်တို့တွေ့နေရတယ်။ နောက်ပြီးတော့ ကျေးရွာတိုင်းမှာကြံ့ခိုင်ရေးက သတင်းပေးဆိုတဲ့ ကတ်ပြားတွေထုတ်ပေးထားတာကို တွေ့ရတယ်။ သတင်းပေးတွေကပဲ ကျနော်တို့ စည်းရုံးရေးဆင်းတဲ့အခါမှာ လိုက်လံနှောင့်ယှက်တာတွေ ကြုံတွေ့နေရတယ်လို့ ပြောကြားခဲ့ပါသည်။

(ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ တန့်ဆည်) အမျိုးသားလွှတ်တော်အမှတ် (၃) မဲဆန္ဒနယ်နေရာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါက်တာမြင့်နိုင်၊ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးတင်မောင်ဝင်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးတိုးမြင့်အောင်တို့ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါသည်။

ပွင့်လင်းမြင်သာမှု တာဝန်ခံမှုမရှိ၊ တိုင်းပြည်ရဲ့ သဘာဝ ကျိန်စာ ပိုပြီး ဆိုးဝါး

RFA၊ မတ် ၂၂။ ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ဝင်လာပေမယ့် ဘဏ္ဍာရေးပိုင်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှုဆိတ်သုဉ်းနေတဲ့အတွက် တိုင်းပြည်ရဲ့ သဘာဝကျိန်စာ ပိုပြီးဆိုးဝါးသွားတယ်လို့ Arakan Oil Watch ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့က ပြောကြားလိုက်ပါတယ်။

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ ဒီကနေ့ထုတ်ပြန်တဲ့ "မြန်မာ့သယံဇာတ ကျိန်စာ" ခေါင်းစဉ်နဲ့ "ရေနံနှင့်သဘာဝဓါတ်ငွေ့ ဘဏ္ဍာငွေ ပွင့်လင်းမြင်သာမှု ပြဿနာများ" ဆိုတဲ့ စာမျက်နှာ ၆၀ ပါအစီရင်ခံစာမှာ အဲဒီလိုဖော်ပြထားပါတယ်။

မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ ပေါကြွယ်ဝပေမဲ့ နိုင်ငံမတိုးတက်ဘဲ လူထုဆင်းရဲနေတဲ့အတွက် သဘာဝ ကျိန်စာသင့်နေတဲ့ နိုင်ငံဖြစ်နေတယ်လို့ ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်ခိုင်ကပြောပါတယ်။

မြန်မာနိုင်ငံဟာ ပြည်ပကို ရေနံနဲ့သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချရာက နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းနှစ်ထောင် ရရှိနေပြီး ၂၀၁၃ ခုနှစ် အစောပိုင်းမှာ တခြားလုပ်ကွက်သုံးခုက သဘာဝဓါတ်ငွေ့တွေထုတ်လုပ်ရောင်းချတဲ့အခါ လက်ရှိဝင်ငွေရဲ့ နှစ်ဆနီးပါး တိုးလာမယ်လို့ ခန့်မှန်းရတဲ့အကြောင်း အစီရင်ခံစာမှာ ပါရှိပါတယ်။

ဒါ့အပြင် လက်ရှိ စမ်းသပ်ရှာဖွေတူးဖော်နေတဲ့ တခြားရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ကွက်ပေါင်း (၄၀) ကျော်ကလည်း နိုင်ငံ့ဘဏ္ဍာဝင်ငွေ အမြောက်အများရရှိလာတယ်လို့ဖော်ပြပါတယ်။ ဒီလိုဘဏ္ဍာဝင်ငွေအမြောက်အများရရှိနေပေမယ့် မြန်မာနိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်နေပြီး ပြည်သူတွေဟာ စွမ်းအင်နဲ့လောင်စာ ပြတ်လပ်တဲ့ပြဿနာနဲ့ရင်ဆိုင်နေရတယ်လို့ အစီရင်ခံစာကထောက်ပြပါတယ်။

ဒီအစီရင်ခံစာနဲ့အတူ BEWG မြန်မာ့ သဘာဝပတ်ဝန်းကျင် အလုပ်အဖွဲ့ကလည်း စွမ်းအင် ဓာတ်သတ္တုတူးဖော်ရေးနဲ့ မြေယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု စံသတ်မှတ်ချက်နဲ့ပတ်သက်ပြီး ကြေညာချက်တစ်စောင် ထုတ်ပြန်ပါတယ်။ အဲဒီထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတာတွေဟာ သဘာဝသယံဇာတနဲ့ မြေယာအခြေခံတဲ့ အငြင်းပွားမှုတွေကို မထိခိုက် မနစ်နာစေသင့်ဘူးလို့ ဖော်ပြပါတယ်။

ကချင်ပြည်နယ် ရွေးကောက်ပွဲ မကျင်းပတဲ့အပေါ် အမတ်လောင်းများ ဝေဖန်

Mizzima၊ မတ် ၂၃။ ။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ရက်ပိုင်းသာလိုတော့ချိန်မှ လုံခြုံရေးအကြောင်းပြချက်ဖြင့် ကချင်ပြည်နယ်ရှိ ရွေးကောက်ပွဲများ ကျင်းပတော့မည် မဟုတ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာလိုက်ခြင်းမှာ မရိုးသားသောလုပ်ရပ်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်ဘောက်ဂျာက ဝေဖန်လိုက်သည်။

ကချင်ပြည်နယ်အတွင်း လစ်လပ်မဲဆန္ဒနယ်များ ဖြစ်သည့် ဖားကန့်၊ ဗန်းမော်၊ မိုးကောင်း မြို့နယ်များတွင်ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိဟု နိုင်ငံပိုင်ရုပ်မြင်သံကြားမှတဆင့် သောကြာနေ့ ညနေပိုင်းတွင် ကြေညာခဲ့ခြင်း ကို ဝေဖန်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

"ကျမတို့ကိုလည်း ဘာမှ အကြောင်းမကြားဘူး။ ဒါက ရိုးသားမှုမရှိဘူး။ လုံခြုံရေးက ဘာမှမဖြစ်ပါဘူး။ ကျမတို့လည်း ညညနေ့နေ့ ဒီအတိုင်းသွားလာနေတာပဲ။ ဘာ အနှောင့်အယှက်မှမရှိပါဘူး။ ဖားကန့်မှာ ကျမက လုံးဝနိုင်နိုင်ပါတယ်။ အဲဒါကို ဒီလိုလုပ်တယ်ဆိုတော့ ဒါ သက်သက်လုပ်တဲ့ သဘောပါ" ဟု ဖားကန့်မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအင်အားစု NDF လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်ဘောက်ဂျာက မဖျိမကိုပြောသည်။

မိုးကောင်းမြို့နယ်တွင် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါက်တာတူးဂျာကလည်း ၎င်း၏ မဲဆန္ဒနယ်တွင် လုံခြုံရေးအတွက် စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း၊ ရွေးကောက်ပွဲ ဖျက်သိမ်းခြင်းနှင့် ပတ်သက်၍လည်း မြို့နယ်ကော်မရှင်မှ ၎င်းထံ အကြောင်းကြားလာခြင်းမရှိသေးကြောင်း ပြောသည်။

"ဒီမှာကတော့ စိုးရိမ်စရာ ဘာမှလုံးဝမရှိပါဘူး။ လုံခြုံရေးစိုးရိမ်လောက်တဲ့အခြေအနေတော့ မရှိဘူး။ အခုကတော့ မဲရုံအခြေအနေတွေကတော့ တည်ငြိမ်အေးချမ်းမှုရှိပါတယ်။ ကျနော်ကတော့ ဒီလိုပဲနေရုံပဲပေါ့ဗျာ။ ဘာမှမတတ်နိုင်တော့ဘူး။ အာဏာပိုင်တွေလုပ်တဲ့ အလုပ်ဆိုတော့လည်း ကျနော့်အနေနဲ့ ဘာမှမတတ်နိုင်ဘူး။ ဒီလိုပဲနေရုံရှိတယ်" ဟု မဖျိမကို ပြောသည်။

ကော်မရှင်မှ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိဟု ကြေညာခဲ့သည့် ဖားကန့်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဗန်းမော်မြို့နယ်များအနက် ဖားကန့်မြို့တွင် မဲရုံပေါင်း ၇၁ ရုံ၊ မိုးကောင်းမြို့တွင် မဲရုံပေါင်း ၆၅ ရုံတို့ကို ရွေးကောက်ပွဲကျင်းပနိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှပြင်ဆင်ပြီးဖြစ်သည်ဟုလည်း သိရသည်။

ဖားကန့်မြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD၊ ကြံ့ခိုင်ရေးပါတီ၊ NDF ပါတီနှင့် မိုးကောင်းမြို့နယ်တွင် NLD၊ ကြံ့ခိုင်ရေး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ NDF ပါတီတို့မှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်ထားကြခြင်းဖြစ်သည်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: mgthuka@gmail.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်